


The VOICE Daily




Vol. 8 / No. 118 Established in 2004 ၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ( ၂ ) ရက်၊ ( Friday, September 18, 2020 )

# တာချီလိတ် - မယ်ဆိုင်နယ်စပ်တွင် ကုန်တင်ယာဉ် ခြောက်စီးသာ အပြန်အလှန်ဝင်ထွက် သွားလာခွင့်ပြုမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

Covid-19 ခတ်ခဲ့လူနာကူးစက်မှုအရေအတွက် များပြားလာမှုကြောင့် တာချီလိတ်-မယ်ဆိုင်နယ်စပ်တွင် နှစ်နိုင်ငံအကြား ကုန်တင်ယာဉ် ၆ စီးသာ အပြန်အလှန် ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံဘက်တွင် ယခုသီတင်းပတ်အတွင်း Covid-19 ခတ်ခဲ့လူနာကူးစက်မှုအရေအတွက် များပြားလာမှုကြောင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ တာချီလိတ်-မယ်ဆိုင်အမှတ် ၂ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ထွက်သွားလာသည့် မြန်မာကုန်တင်ယာဉ်များကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘက်ကလည်း ယင်းကန့်သတ်မှုများကြောင့် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ရာ နှစ်နိုင်ငံအကြား ကုန်တင်ယာဉ် ၆ စီးသာ အပြန်အလှန် **စာ ၆ သို့**




တံတားမှတစ်ဆင့် ဝင်ထွက်သွားလာသည့် မြန်မာကုန်တင်ယာဉ်များကို စက်တင်ဘာလ ၁၅ ရက်တွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်

## အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးမည့် မသန်စွမ်းဦးရေ ရှစ်သောင်းလေးထောင်ကျော်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့် မသန်စွမ်းသူဦးရေ ရှစ်သောင်းလေးထောင်ကျော်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"ဆန္ဒမဲပေးမယ့် မသန်စွမ်းသူတွေ မကျန်ရအောင် အလေးထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိစာရင်းအရ မသန်စွမ်းသူ ရှစ်သောင်းလေးထောင်ကျော်ရှိပါတယ်။ တိုင်းအလိုက်၊ မဲရုံအလိုက် မသန်စွမ်းသူတွေရှိပါတယ်။ မသန်စွမ်းတွေလည်း မဲစာရင်းသွားကြည့်ဖို့လိုပါတယ်။ မျက်စိအာရုံချို့ယွင်းနေတဲ့ မသန်စွမ်းသူတွေ **စာ ၁၄ သို့**

## ပုဂံဒေသရှိ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် Spa များ၊ ဘားများ ဖွင့်ထားခြင်း ရှိ မရှိ ရှောင်တခင်စစ်ဆေး

စာ ၇ သို့

## မြဝတီကုန်သွယ်ရေးဇုန် Quarantine စင်တာမှ အမျိုးသားရှစ်ဦး ထွက်ပြေး

စာ ၈ သို့

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များကို ယာယီသက်တမ်းတိုးမြှင့်ပေးမည်

စာ ၆ သို့

## မိုးခေါင်သဖြင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ ရေဝေချောင်းများ ရေအဝင်နည်း



မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယခုနှစ်မိုးရာသီကာလ၌ မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ရှိ ရေဝေချောင်းများအတွင်းသို့ ရေအဝင်နည်းနေသည်ဟု **စာ ၁၅ သို့**



# ဘဏ္ဍာရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုမြှင့်တင်နိုင်ရန် Financial Literacy Festival အစီအစဉ် စတင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် SME လုပ်ငန်း စတင်လုပ်ကိုင်မည့်သူများ၊ ဝန်ထမ်းများ နှင့် ကျောင်းသားများ အတွက်အသုံးဝင်မည့် Financial Literacy Festival အစီအစဉ်ကို Prudential မြန်မာ၊ ရိုးမဘဏ်နှင့် Phandeeyar Institute တို့ ပူးပေါင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် တစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံရှိ Micro ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်ထားသူများအတွက် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စနစ်ကျသည့်စီမံခန့်ခွဲမှုများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကို ချိတ်ဆက်အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ရိုးမဘဏ်ထံမှသိရသည်။

မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှုသည် ၂၀၁၂ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၄ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ယနေ့တွင် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ မိုဘိုင်းလ်ဖုန်းများကို နေ့စဉ်အသုံးပြုနိုင်ပြီဖြစ်ကာ လူတိုင်းနီးပါး မိုဘိုင်းလ်ဖုန်းများ ပိုင်ဆိုင်လာကြသော်လည်း ဘဏ်အကောင့်ရှိသည့်လူဦးရေမှာ ဆတူတိုးပွားလာခြင်းမရှိခဲ့သည့်အပြင် အများစုမှာ အခြေခံဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာအသိအမြင်များ အားနည်းသည်ကိုတွေ့ရကြောင်း ယင်းဘဏ်ထံမှ သိရသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်လာသည့် အင်တာနက်ချိတ်ဆက်မှုကိုအသုံးချကာ နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ပြည်သူများအဓိကလိုအပ်နေသော ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု အသိပညာများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

Financial Literacy Festival အစီအစဉ်တွင် နည်းပညာအထောက်အပံ့များနှင့် ကျွမ်းကျင်သူများ စုစည်းစေကာ အဓိကအုပ်စု ၃ ခုဖြစ်သည့် မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဘဏ္ဍာရေးဆိုင်ရာအသိပညာများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံများကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယခုအစီအစဉ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ စိတ်ဝင်စားသူ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသူများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းဦးရေ ၃၀၀၀ ခန့်အထိ ပါဝင်တက်ရောက်နိုင်မည်ဖြစ်ပြီး အွန်လိုင်းစနစ်ဖြင့် ရာနှုန်းပြည့် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ ❍

J-03

# မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်နှင့် သန်းခေါင်စာရင်းအတုပြုလုပ်သည့်အဖွဲ့ကို ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်)၊ ယာဉ်မောင်းလိုင်စင်နှင့်သန်းခေါင်စာရင်းအတုများပြုလုပ်နေသောအဖွဲ့ကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ အမှုဖြစ်စဉ်မှ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏတွင် နေထိုင်သော အငှားယာဉ်မောင်း ဦးဇော်လေးမှာ လွန်ခဲ့သော ၅ လခန့်က ၎င်း၏ယာဉ်ကို ငှားစီးနေသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် နေထိုင်သူ ကိုဂေါ်လီနှင့် ခင်မင်ခဲ့ပြီး ကိုဂေါ်လီမှာ (လဝက)၊ (ကညန) ဝန်ထမ်းများနှင့် ရင်းနှီးကြောင်း ပြောဆိုခဲ့သည်။

ယင်းအပြင် ကိုဂေါ်လီမှ နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်များကို အလွယ်တကူပြုလုပ်ပေးနိုင်ကြောင်းနှင့် လုပ်ဆောင်ခ ကျပ်လေးသိန်းကုန်ကျမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ယုံကြည်ပြီး အငှားယာဉ်မောင်း ဦးဇော်လေးက ၎င်း၏ မိသားစုဝင်များဖြစ်သော အစ်ကိုသုံးဦးအတွက် မှတ်ပုံတင်ပြုလုပ်ခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန်အတွက် ငွေပေးချေပြီးနောက် ကိုဂေါ်လီမှာ တိမ်းရှောင်သွားသဖြင့် ရဲစခန်းသို့ တိုင်ကြားခဲ့ရာ သုဝဏ္ဏနယ်မြေရဲစခန်းက (ပ) ၇၁၂/ ၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းသို့ စုံစမ်းစစ်ဆေးရာ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရာ၌ ပါဝင်သော ပွဲစား မျိုးဝင်းကို ဖမ်းမိခဲ့ပြီးနောက် ကိုဂေါ်လီကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှုတွင် ပါဝင်သော ဂျာမား၊ ကိုမိုး၊ သိန်းဟန်(ခ) မိုးကြယ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းမိသူများထံမှ နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ သန်းခေါင်စာရင်းများကို တွေ့ရှိသိမ်းဆည်းရမိသောကြောင့် သုဝဏ္ဏနယ်မြေရဲစခန်းက မူလဖွင့်လှစ်ထားသော (ပ)၇၁၂/ ၂၀၂၀၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ မှ ၄၂၀/ ၄၆၈ အရ ပြောင်းလဲအမှုရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ❍

S-03

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



နေပြည်တော် စည်ပင်သာယာရေးကော်မတီ

# နေပြည်တော်ရှိ အငြိမ်းစားဝန်ထမ်းအိမ်ရာများ ပထမအကြိမ် မဲနှိုက်ရွေးချယ်မှု စတင်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေး (မြို့မဈေးအနီး)ရှိ ပထမအဆင့်တည်ဆောက်ပြီးစီးသည့် အငြိမ်းစားဝန်ထမ်းအိမ်ရာ မဲနှိုက်ရွေးချယ်မှုကို စက်တင်ဘာလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငွေပေးသွင်းထားသူများအတွက် ပထမအကြိမ် မဲနှိုက်ရွေးချယ်မှုကို NPTDC Webportal Facebook Page တွင် တိုက် ၃၉ လုံးရှိ ပထမထပ် ၁၄၈ ခန်းအတွက် အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခန်းများကို ပြီးခဲ့သည့် ဇွန်လ ၃၀ ရက်နေ့အထိ နောက်ဆုံးထား လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်ပြီး လေးခန်းတွဲလေးထပ်အဆောက်အအုံအနေဖြင့် အခန်းပေါင်း ၁၀၀၀ ဆောက်လုပ်နေခြင်းဖြစ်ကာ စုစုပေါင်း မြေအကျယ်အဝန်း ၇၀ ဧကအပေါ်တွင် အခန်းအကျယ်အဝန်းအနေဖြင့် ၆၅၀ စတုရန်းအခန်းများဖြစ်ပြီး ဈေးနှုန်းအနေဖြင့် အထပ်အလိုက် ကျပ်သိန်း ၂၂၀ မှ ကျပ်သိန်း ၂၅၀ အထိ တန်ဖိုးသတ်မှတ်ထားသည်။

အခန်းဝယ်ယူသူများအနေဖြင့် တန်ဖိုးငွေ ၃၀ ရာခိုင်နှုန်းပေးသွင်းပြီး ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းကို ၃ နှစ်၊ ၅ နှစ်နှင့် ၁၀ နှစ် အရစ်ကျဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ဒုတိယအသုတ် မဲနှိုက်ရွေးချယ်ခြင်းကို စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၉ နာရီတွင် ထပ်မံပြုလုပ်သွားမည်ဖြစ်ပြီး ပထမအဆင့် တည်ဆောက်ပြီးစီးသည့် တိုက် ၃၉ လုံးမှ ဒုတိယအထပ် ၁၂၄ ခန်းနှင့် တတိယအထပ်ရှိ အခန်း ၁၁ ခန်းကို မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်သည်။ ❍ J-03

# ရသေ့တောင်တွင် ဘင်္ဂါလီတစ်ဦးကို AA အဖွဲ့က ပစ်ခတ်ခဲ့ကြောင်း တပ်မတော် သတင်းထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ အာကာတောင်ကျေးရွာမှ ဘင်္ဂါလီလူမျိုးတစ်ဦးကို AA လက်နက်ကိုင်အဖွဲ့က လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ရသေ့တောင်မြို့နယ်၊ အာကာတောင်ကျေးရွာမှ ဘင်္ဂါလီလူမျိုး မာမောက်ရော်ဖီး ၄၀နှစ်(ဘ)နိုမာမောက်သည်စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကျေးရွာ၏ အနောက်ဘက်ရှိ မေယုမြစ်အတွင်း တစ်ဦးတည်း ငါးဖမ်းပိုက်ချခြင်း ဆောင်ရွက်ပြီး နံနက် ၁၁ နာရီခန့်တွင် ရက်ခုံတိုင်ကျေးရွာအနီးသို့ရောက်ရှိစဉ် ၎င်းကျေးရွာဘက်မှ AA လက်နက်ကိုင်အဖွဲ့က လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းလက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့မှုတွင် မာမောက်ရော်ဖီးတွင် ဝဲလက်မောင်းဖောက်ထွက်ဒဏ်ရာတစ်ချက်၊ ရင်ဘတ်ရှပ်ထိဒဏ်ရာသုံးချက်ရရှိခဲ့ပြီး အိမ်သို့ပြန်ကာ ၎င်းမှတစ်ဆင့် မိသားစုများနှင့်အတူ ဘူးသီးတောင်မြို့ရှိ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

AA လက်နက်ကိုင်အဖွဲ့အနေနှင့် ယင်းသို့ အကြောင်းမဲ့ ပစ်ခတ်လေ့ရှိပြီး ဒဏ်ရာရရှိသည့်အခါ တပ်မတော်မှပစ်ခတ်သည်ဟု လိမ်လည်ဝါဒဖြန့်ချိကာ ပြည်သူလူထုကြား အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ သတင်းမှားများအား မကြာခဏ ထုတ်လွှင့်လျက်ရှိကြောင်းလည်း တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

S-04

# တောင်တွင်းကြီးမြို့တွင် Covid-19 စစ်ဆေးရေးဂိတ်ကို ယာဉ်ဖြင့်ဝင်တိုက်သူ သုံးဦး အရေးယူခံရ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

တောင်တွင်းကြီးမြို့နယ်၊ ဝံအော်ကြီးစစ်ဆေးရေးဂိတ်တွင် စက်တင်ဘာလ ၁၆ ရက် ညပိုင်းက Covid-19 စစ်ဆေးရေးဂိတ်ကို မော်တော်ယာဉ်နှစ်စီးဖြင့် ဝင်တိုက်သည့် အမျိုးသားသုံးဦးကို အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

စစ်ဆေးရေးဂိတ်ကို ဝင်တိုက်ခဲ့သော AD Van ယာဉ်နှင့် Airwave ယာဉ်တို့မှာ အခင်းဖြစ် ညနေ ၆ နာရီခွဲက နေပြည်တော်ဘက်မှ တောင်တွင်းကြီးဘက်သို့ မောင်းနှင်လာစဉ် ဝံအော်ကြီးစစ်ဆေးရေးဂိတ်အရောက် ယာဉ်အား အစစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးခဲ့သည်။

ယင်းသို့ မောင်းနှင်ထွက်ပြေးစဉ် Covid-19 စစ်ဆေးရေးဂိတ်များကို ဝင်တိုက်မိသောကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများက လိုက်လံဖမ်းဆီးခဲ့ပြီး ယာဉ်နှစ်စီးပေါ်ပါ ကျော်ဆန်းဝင်းအပါအဝင် အမျိုးသား သုံးဦးကို ဆတ်သွားနယ်မြေ ရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅/ ၃၀ (က) အရ ဖမ်းဆီး အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

S-03



Photo - The Voice

# MPU ကတ်ကိုင်ဆောင်သူများ KBZPay မိုဘိုင်းလ်ပိုက်ဆံအိတ်သို့ ငွေဖြည့်သွင်းနိုင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

အွန်လိုင်းငွေပေးချေမှု ပြုလုပ်ရာတွင် အသုံးပြုရန် e-Commerce မှတ်ပုံတင်ထားသည့်Myanmar Payment Union (MPU) ကတ်ကိုင်ဆောင်သူအားလုံး KBZPay မိုဘိုင်းလ် ပိုက်ဆံအိတ်အတွင်းသို့ ငွေဖြည့်သွင်းနိုင်မည်ဖြစ်ကြောင်း KBZPay ထံမှ သိရသည်။

ယင်းလုပ်ဆောင်ချက်ကိုမကြာသေးမီက အသစ်မိတ်ဆက်လိုက်သည့် အဆင့်မြှင့်တင်ထားသော KBZPay ဗားရှင်း ၃.၀ အက်ပလီကေးရှင်းတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ကမ္ဘောဇဘဏ်ဝန်ဆောင်မှုအသုံးမပြုသူများမှာလည်း အခြားပြည်တွင်းဘဏ်များမှ ထုတ်ပေးထားသည့် ကတ်များကို အသုံးပြုကာ ၎င်းတို့၏ KBZPay မိုဘိုင်းလ်ပိုက်ဆံအိတ်ထဲသို့ ငွေသွင်းနိုင်မည်ဖြစ်သည်။

MPU သည် ပြည်တွင်းရှိအသုံးပြုသူများအတွက် ကတ် ၁၀ သန်းကျော် ထုတ်ပေးခဲ့ပြီး ကမ္ဘောဇဘဏ် အပါအဝင် ပြည်တွင်းဘဏ်များနှင့် ပူးပေါင်း၍ အမှတ်တံဆိပ်နှစ်ခုပါဝင်သော Debit Card နှင့် Credit Card များ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ MPU Cash-In လုပ်ဆောင်ချက် စတင်မိတ်ဆက်ခဲ့သည့် အချိန်မှစ၍ MPU ကတ်ကိုင်ဆောင်သူ ၇၀၀ ကျော်မှာ ၎င်းတို့၏ KBZPay မိုဘိုင်းလ်ပိုက်ဆံအိတ်ထဲသို့ ငွေဖြည့်သွင်းမှုအကြိမ်အရေအတွက် ၁,၀၀၀ ကျော် လုပ်ဆောင်ခဲ့ပြီး တန်ဖိုးအားဖြင့် ငွေကျပ် ၉၆ သန်းခန့် ရှိနေပြီဖြစ်သည်။

“အခုဆိုရင်ကမ္ဘောဇဘဏ်ဝန်ဆောင်မှုအသုံးပြုတဲ့သူတွေ မဟုတ်ရင်တောင် e-Commerce မှတ်ပုံတင်ထားတဲ့ MPU ကတ်တွေ အသုံးပြုပြီး သူတို့ရဲ့ KBZPay မိုဘိုင်းလ်ပိုက်ဆံအိတ်ထဲကို ချက်ချင်းငွေဖြည့်သွင်းနိုင်တာပါ။ အခုလို Covid-19 ကာလမှာ တစ်ဦးနဲ့တစ်ဦး သီးခြားနေထိုင်ဖို့ အားပေးတိုက်တွန်းနေချိန်မှာ ဒီလုပ်ဆောင်ချက်က ငွေကြေးနဲ့ဆိုင်တဲ့ နိစ္စဓူဝလုပ်ဆောင်ချက်တွေကို ပိုပြီး အဆင်ပြေလွယ်ကူစေမှာပါ” ဟု KBZPay ၏ Head ဖြစ်သူ Mr. Chong Ho Yoon က ပြောကြားသည်။

MPU ကတ်ကိုင်ဆောင်သူများအနေဖြင့် KBZPay မိုဘိုင်းလ်ပိုက်ဆံအိတ်အတွင်း ငွေဖြည့်သွင်းခြင်းအတွက် တစ်ကြိမ်လျှင် ဝန်ဆောင်ခ ၂၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် အများဆုံး ငွေကျပ် ၃၀၀,၀၀၀ အထိ ဖြည့်သွင်းနိုင်မည်ဖြစ်ကာ တစ်ရက်လျှင် ငွေကြေးလုပ်ဆောင်မှုပမာဏ စုစုပေါင်းငွေကျပ် ၁၀ သိန်းအထိ ဖြည့်သွင်းနိုင်မည်ဖြစ်သည်။

J-03

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# EDITORIAL

# စေတနာအကျိုး ဟူသည်

မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ကပ်ရောဂါကြောင့် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရာ၌ တစ်ဦးနှင့် တစ်ဦးအပြန်အလှန်ထားရှိသည့် စေတနာသည် လွန်စွာအရေးကြီးလှပါသည်။

ဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးမပေါ်သေးသောကြောင့် ကန့်သတ်မှု၊ ထိန်းချုပ်မှုများဖြင့်သာ ကူးစက်မှုနှုန်းလျော့ကျအောင်လုပ်ဆောင်နေရသည့် ဖြစ်စဉ်၏ နောက်ဆက်တွဲရလဒ် ကောင်းလာမလား၊ ပိုဆိုးလာမလားဆိုသည်မှာလည်း ကျွန်ုပ်တို့ မြန်မာတစ်ဦးချင်းစီမှစ၍ အဖွဲ့အစည်းများအလိုက်ထားရှိကြသည့် စေတနာအပေါ်တွင် များစွာမူတည်နေပေသည်။

လောကနိယာမသဘော၊ ကံနှင့် ကံ၏အကျိုးတရားသဘောအရ စေတနာကောင်းလျှင်ကောင်းသလို၊ ဆိုးသည့်စေတနာထားလျှင် ဆိုးသလို ရောင်ပြန်ဟပ်တတ်သည့်သဘောရှိကြောင်း အားလုံးနားလည်သဘောပေါက်ထားပြီး ဖြစ်ပေမည်။

ကပ်ရောဂါတိုက်ဖျက်နှိမ်နင်းရေးမစ်ရှင်တွင် အဓိကခေါင်းဆောင်နေရာ၌ ရှိနေသူများ၊ အကောင်အထည်ဖော်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ Volunteer များအပါအဝင် မြန်မာပြည်သူအားလုံး၏ စိတ်စေတနာအပေါ် မူတည်ကာ ဖြစ်စေချင်သော ရလဒ်၊ သို့မဟုတ် ပန်းတိုင်နှင့် နီးခြင်း၊ ဝေးခြင်းတို့ မလွဲမသွေကြုံကြရမည်သာပင်။

မြန်မာပြည်တွင် ပြီးခဲ့သည့် ရာစုနှစ်ဝက်လောကအတွင်း စေတနာကောင်းမရှိသည့် လူနည်းစုတို့က ၎င်းတို့၏ အာဏာ၊ သြဇာနှင့် စည်းစိမ်ဥစ္စာအလို့ငှာ အများပြည်သူတို့၏ ဘဝများစွာကို အသုံးချခဲ့ရာ နိုင်ငံကျန်းမာရေးစောင့်ရှောက်မှုစနစ်သာမက အခြားပညာရေး စီးပွားရေးတို့သည်လည်း ခြွတ်ခြုံကျသွားခဲ့ပေသည်။

အဆိုပါအတိတ်က အဖြစ်သနစ်များကိုသင်ခန်းစာယူပြီး အနာဂတ်လှပအောင်ဖန်တီးတည်ဆောက်ရာတွင်လည်း စေတနာကောင်းသည်ပင် အခရာကျပေသည်။

ယနေ့ခေတ်၊ ယခုလက်ရှိ ကပ်ရောဂါဆိုးကြီး၏ ဂယက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့်နယ်ပယ်များတွင် ပြဿနာများပိုမိုကြီးထွားလာမည်လော၊ ပြေလည်သွားမည်လောဆိုသည်မှာလည်း ပါဝင်ပတ်သက်နေသူ သို့မဟုတ် ယခုပြဿနာကို တာဝန်ခံဖြေရှင်းနေသူများ၏ စေတနာအပေါ်များစွာ မူတည်ပါသည်။

လောကနိယာမတို့မည်သည် မည်သည့်အခါမျှ မှားယွင်းခြင်းမရှိပေ။ စေတနာအလျောက် ဖြစ်ပေါ်လာသည့် အကျိုးဆက်တို့သည်လည်း မည်သည့်အခါမျှ လွဲချော်ခြင်းမရှိပေ။ ရလဒ်ကောင်းခြင်း၊ ဆိုးခြင်းတို့မှာ ပြုသူတို့၏ စေတနာအပေါ်မူတည်ပေသည်။ ကပ်ရောဂါကူးစက်ခံရသူနှင့် ကူစက်မခံရသူတို့အကြား စေတနာသည်သာ အကျပ်အတည်းကာလ မြန်မာတို့အတွက် မင်္ဂလာတစ်ပါးဖြစ်ကြောင်း ပြောလိုပါသည်။

**အယ်ဒီတာ ( ၁၇ - ၉ - ၂၀၂၀)**


ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂


# ပြည်သူ့ပါတီက မန္တလေးမြို့တွင်း နှစ်မြို့နယ်တွင် မဲဆွယ်စည်းရုံးမှုရပ်နား

**မန္တလေး၊ စက်တင်ဘာ ၁၇**

မန္တလေးမြို့တော်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများတွေ့ရှိလာရ သဖြင့် မန္တလေးမြို့တွင်း နှစ်မြို့နယ်တွင် မဲဆွယ်စည်းရုံးမှုများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ပါတီထံမှ သိရသည်။

မန္တလေးမြို့တော်ရှိ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် မဲဆွယ်စည်းရုံးမှုများကို စက်တင်ဘာလ ၁၆ ရက်နေ့မှစ၍ ရပ်နားလိုက်ခြင်းဖြစ်ကြောင်း၊ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုများဖြစ်ပေါ်နေချိန်တွင် မဲဆွယ်စည်းရုံးရာ၌ အခက်အခဲများရှိလာသဖြင့် ရပ်နားလိုက်ခြင်းဖြစ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကျော်စိုးက ပြောကြားသည်။

"ပြည်သူတွေရောဂါပိုးနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြတာတွေတအားများနေတဲ့အခါ ကျွန်တော်တို့က Door to Door သွားတဲ့အခါကျတော့ အခက်အခဲတွေဖြစ်နိုင်တယ်။ ပြည်သူတွေက တအားစိုးရိမ်ပြီးတော့ အချို့ကတံခါးတွေပိတ်ထားတာတွေရှိတယ်။ ဒီအခါမှာသူတို့အတွက်လည်း အဆင်မပြေသလို ကျွန်တော်တို့အတွက်လည်းအဆင်မပြေဘူး။ ပြည်သူ့ကျန်းမာရေးကို ဦးစားပေးပြီးတော့ ကျွန်တော်တို့ရဲ့ရွေးကောက်ပွဲ အောင်နိုင်ရေးကဒုတိယဦးစားပေးပေါ့"ဟု ၎င်းက ပြောဆိုသည်။

မဲဆွယ်စည်းရုံးမှုများကို နှစ်ပတ်ကြာရပ်နားထားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်သင့်၊ မသင့်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ပါတီထံမှ ထပ်မံသိရသည်။

ပြည်သူ့ပါတီအနေနှင့် မန္တလေးတိုင်းတွင် ပြည်သူ့လွှတ်တော်နေရာအတွက် ငါးနေရာ၊တိုင်းလွှတ်တော်- ၁ နေရာအတွက်ခုနစ်နေရာ၊ တိုင်းလွှတ်တော်-၂ နေရာအတွက်ခြောက်နေရာ စုစုပေါင်း ၁၈ နေရာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့်အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့် ကာလကို ရက် ၆၀ (စက်တင်ဘာလ ၈ ရက်နေ့မှ နိုဝင်ဘာလ ၆ အထိ) ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာထားသည်။

○

**ရတီ**

The VOICE Daily

CARTOON





The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Chief Editor -** Aung Kyaw Soe. **Legal Advisors -** U Hla Sein (Advocate),
**Editor in Charge -** Kyaw Swar Soe. **Senior Editor -** Aung Aung Tun.
**Editors -** Pwint Zin Maw Hein, Nilar Myint.
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han.
**Manager (DTP) -** Ma Khine . **Designer -** Saw Elijah.
**Senior Reporters -** Aung Htet , Khaing Soe Lin , Thet Shine Thu, Aung Thet Ko, Zaw Moe Lwin.
**Reporters -** Pyae Phyo Myint Mon, Kyaw Phyo.
**Mandalay Reporters -** Ye Win Naing.
**Regional Reporters -** Zay Yar Ko, Yan Naing, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Min Min Aung, Ma Ma, Khin May San, Nay Naing, Lwin Aye.
**Photographer -** Ye Pyae Zar Ni. **Advertising -** Zaw Zaw Aung.
**Press -**Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com, **Website -** www.thevoicemyanmar.com,
**Office -** No. 38, Second Floor, Moe Kaung Road, Yankin Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 403960007 **(Distribution)**
**E-mail-**Admin; Chief Editor : ceditor.thevoicemyanmar@gmail.com
**News Room** : newsroom.thevoicemyanmar@gmail.com

# ကိုဗစ်-၁၉ လူနာများသာထားရှိမည့် ဒုတိယမြောက်ဆေးရုံကို မန္တလေးမြို့တွင် ထပ်မံဖွင့်လှစ်

**မန္တလေး၊ စက်တင်ဘာ ၁၇**



ဓာတ်ပုံ-ဘုန်းမြတ်

ကိုဗစ်-၁၉ အတည်ပြုလူနာများထားရှိရန် ဒုတိယမြောက် ထပ်မံဖွင့်လှစ်ခဲ့သည့်ခုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံတွင် စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းမှစတင်၍ အတည်ပြုလူနာနှစ်ဦးကို ကန်တော်နဒီဆေးရုံမှ လွှဲပြောင်းလက်ခံထားပြီဟု ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးက ပြောကြားသည်။

မန္တလေးမြို့တွင် အတည်ပြုလူနာများကိုသာ လက်ခံကုသစောင့်ရှောက်မှုပေးနေသော ကန်တော်နဒီဆေးရုံ၌ လက်ခံကုသပေးနိုင်သော အတိုင်းအတာကို ကျော်လွန်သွားခဲ့ပါက ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံ၌ ပိုးတွေ့လူနာများကို လက်ခံထားရှိ စောင့်ရှောက်နိုင်ရန် ကုသရေးဦးစီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ခုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံသည် အထွေထွေရောဂါကုဆေးရုံကြီးတစ်ခုဖြစ်သောကြောင့် တက်ရောက်ကုသလျက်ရှိသည့် လူနာများအနက်မှ သက်သာလာသည့် လူနာအချို့ကို ဆေးရုံဆင်းခွင့်ပြုခဲ့သလို လူနာအချို့ကိုလည်း သက်ဆိုင်ရာဆေးရုံများသို့ လွှန်ခဲ့သည့် သုံးရက်မှစ၍ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်းလည်း ဒေါက်တာဝေဝေဦးက ဆက်လက်ပြောဆိုသည်။

"ကန်တော်နဒီဆေးရုံမှာ ICU အခန်းက အဆင်သင့်ရှိပြီးဖြစ်တာကြောင့် ICU Care (အထူးကြပ်မတ်စောင့်ရှောက်ကုသဖို့) လိုအပ်တဲ့လူနာတွေကို ကန်တော်နဒီမှာပဲ လက်ခံကုသမှာဖြစ်တယ်။ ခုတင် ၃၀၀ မှာ ICU အဆင့် အတည်ပြုလူနာတွေကို ကုသစောင့်ရှောက်ပေးနိုင်ဖို့ ပြင်ဆင်နေတုန်းပဲ ဖြစ်ပါတယ်၊ ICU ခုတင်လေးလုံးထားဖို့ ပြင်ဆင်ထားပါတယ်၊ ကန်တော်နဒီမှာ ICU လူနာ လက်ခံနိုင်တာထက် ကျော်လွန်သွားရင် ခုတင် ၃၀၀ မှာ ICU လူနာတွေကို လက်ခံကုသဖို့ ပြင်ဆင်ထားတယ်" ဟု ၎င်းက ထပ်မံပြောဆိုသည်။

ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံ၌ လူနာဦးရေ ၅၀ ဦးကို ကနဦးအနေနှင့် စတင်လက်ခံမည်ဖြစ်ပြီး ပိုးတွေ့လူနာတွေရှိမှု များပြားလာခဲ့ပါက နောက်ထပ် လူနာ ၅၀ ဦး ထပ်မံလက်ခံကုသစောင့်ရှောက်မှုပေးနိုင်ရန် လူနာ ၁၀၀ စာအတွက် တိုးချဲ့ဆောက်မည်ဖြစ်ကြောင်း ယင်းဆေးရုံထံမှ သိရသည်။

ခုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံ၌ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုပြီး ကျန်းမာရေးအနေအထား ကောင်းမွန်သောသူများကို ကနဦး လက်ခံစောင့်ရှောက်ကုသပေးသွားမည်ဖြစ်သည်။

ယင်းဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အထူးကုဆရာဝန်များနှင့် ဆေးရုံဝန်ထမ်းများကို အုပ်စုလေးခုခွဲ၍ အုပ်စုတစ်စုလျှင် ရက်သတ္တပတ်တစ်ပတ်နှုန်းဖြင့် လူနာများကို ကုသပေးသွားရန်ရည်ရွယ်ထားကြောင်း ဒေါက်တာဝေဝေဦးက ထပ်မံရှင်းပြသည်။

"ပိုးတွေ့လူနာတွေ ကျန်းကျန်းမာမာနဲ့ အမြန်ဆုံး ဆေးရုံက ဆင်းနိုင်ဖို့နဲ့ ဝန်ထမ်းတွေ ဘေးကင်းလုံခြုံဖို့ ရည်ရွယ်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးမြို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ပထမဆုံးကုသရေးဆေးရုံအဖြစ် ဖော်ဆောင်ခဲ့သောဆေးရုံမှာ ကန်တော်နဒီဆေးရုံဖြစ်ပြီး မတ်လ ၂၇ ရက်နေ့ကထုတ်ပြန်ခဲ့သည့် မန္တလေးတိုင်း၏ ပထမဆုံးအတည်ပြုလူနာအမှတ် ၀၀၄ မှစတင်၍ ဓာတ်ခွဲအတည်ပြု လူနာများကိုသာ လက်ခံကုသပေးခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းတွင် အတည်ပြုလူနာ ၁၃၀ ဦးကျော်ရှိပြီး ကန်တော်နဒီဆေးရုံ၌ လတ်တလောတက်ရောက်နေသူ ၅၄ ဦးရှိကြောင်း မန္တလေးတိုင်း အစိုးရအဖွဲ့ထံမှ သိရသည်။ ❍ **ဘုန်းမြတ်**

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထုသဘောထားရယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏သဘောထားရယူသည့် တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်ကို စက်တင်ဘာလ ၁၅ ရက်နေ့က အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် NFASP စီမံကိန်းကို စိုက်ပျိုးရေးဇုန်အလိုက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် သီးနှံအမယ်စုံ ပိုမိုစိုက်ပျိုးနိုင်စေရန်၊ တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပြီး ဈေးကွက်ခိုင်မာလာစေရန်၊ ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေများနှင့် ဘေးဒုက္ခများကို သင့်လျော်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏သဘောထားရယူနိုင်ရန် စက်တင်ဘာလ ၁၅ ရက်မှ ၂၅ ရက်နေ့အထိ ၇ ကြိမ်ခွဲ၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

စက်တင်ဘာလ ၁၅ ရက်နေ့က ပြုလုပ်သည့် ဆွေးနွေးပွဲတွင် နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့မှ ပါဝင်ဆွေးနွေးခဲ့ပြီး စက်တင်ဘာ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း၊ စက်တင်ဘာ ၂၁ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ စက်တင်ဘာ ၂၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ စက်တင်ဘာ ၂၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ စက်တင်ဘာ ၂၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။ ❍ **S-07**

The VOICE Daily
Friday, September 18, 2020



# တာချီလိတ်-မယ်ဆိုင်နယ်စပ်တွင် ကုန်တင်ယာဉ် ခြောက်စီးသာ အပြန်အလှန်ဝင်ထွက်သွားလာခွင့်ပြုမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

Covid-19 ခတ်ခဲ့လူနာကူးစက်မှုအရေအတွက် များပြားလာမှုကြောင့် တာချီလိတ်-မယ်ဆိုင်နယ်စပ်တွင် နှစ်နိုင်ငံအကြား ကုန်တင်ယာဉ် ၆ စီးသာ အပြန်အလှန် ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံဘက်တွင် ယခုသီတင်းပတ်အတွင်း Covid-19 ခတ်ခဲ့လူနာကူးစက်မှုအရေအတွက် များပြားလာမှုကြောင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ တာချီလိတ်-မယ်ဆိုင်အမှတ် ၂ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ထွက်သွားလာသည့် မြန်မာကုန်တင်ယာဉ်များကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘက်ကလည်း ယင်းကန့်သတ်မှုများကြောင့် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ရာ နှစ်နိုင်ငံအကြား ကုန်တင်ယာဉ် ၆ စီးသာ အပြန်အလှန်ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

"အခုလိုလုပ်တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ သွင်းကုန်တွေအဝင်နည်းလာတဲ့အတွက် ပြည်တွင်းလိုအပ်ချက်မလုံလောက်ရင်တော့ မှောင်ခိုတွေဝင်လာနိုင်တယ်။ ပြည်တွင်းထွက်ကုန်တွေတော့ နေရာပြန်ရလာနိုင်တယ်" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။


ဓာတ်ပုံ-Aung Kyaw Win Sein

အဆိုပါကန့်သတ်မှုများကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာလာနိုင်၍ ကုန်စည်များ အဝင်နည်းလာနိုင်သည့်အပြင် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ ချင်းလိုင်းခရိုင်မှ စည်းကမ်းချက်များကိုလည်း ထုတ်ပြန်ထားရှိကြောင်း သိရသည်။

ကုန်တင်ယာဉ်မောင်းများကို လွယ်ကူစွာစိစစ်နိုင်ရန်အတွက် ယာဉ်မောင်းမည့်သူများကို ဝင်ခွင့်ကဒ်များ ထုတ်ပေးထားမည့်အပြင် စည်းကမ်းချက်များချိုးဖောက်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ထောင်ဒဏ်တစ်နှစ် သို့မဟုတ် ဒဏ်ငွေဘတ်တစ်သိန်းအထိ ပေးဆောင်ရမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

❍

S-07

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များကို ယာယီသက်တမ်းတိုးမြှင့်ပေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်း သက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်း ထိတွေ့ဆောင်ရွက်မှုများကို လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များ၏သက်တမ်းကိုယာယီတိုးမြှင့်ပေးမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

စက်တင်ဘာလ ၁၀ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း သက်တမ်းကုန်ဆုံးမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်များကို ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေနှင့် ရုံးသို့ကိုယ်တိုင်လာရောက်လျှောက်ထားရန်မလိုအပ်ပဲ Registration စနစ်မှဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းယာယီတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေနှင့် ရုံးသို့ကိုယ်တိုင်လာရောက်လျှောက်ထားရန်မလိုပဲ ဌာနအနေနှင့် Registration စနစ်မှ ဆောင်ရွက်ပေးခြင်းဖြစ်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုးကတ်ကိုလည်း ထုတ်ပေးမည်မဟုတ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယာယီသက်တမ်းတိုးကုန်ဆုံးသည့်အချိန်၌ ကုမ္ပဏီများမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုး လာရောက်လျှောက်ထားပါက သတ်မှတ်သက်တမ်း ၅ နှစ်တွင် ယာယီတိုးပေးထားသည့် သက်တမ်းကာလကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်တမ်းတိုးကြေးကို သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာထားသည်။

❍

S-07

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# e-Payment စနစ်ဖြင့် ငွေပေးသွင်းခြင်းကို ယာယီရပ်နား

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက SME လုပ်ငန်းရှင်များကို e-Payment စနစ်ဖြင့် ငွေပေးသွင်းခြင်းကို ယာယီရပ်နားထားမည်ဖြစ်ကြောင်း အသိပေးချက်ထုတ်ပြန်လိုက်သည်။

SME လုပ်ငန်းရှင်များမှ SME Member Card များကို Online Registration & e-Payment စနစ်ပါရှိသည့် Webportal မှတစ်ဆင့် လျှောက်ထားဆောင်ရွက်လျက်ရှိကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနထံမှ သိရသည်။

ယခုအခါ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကတ်ထုတ်ပေးမှုစာရင်းများ၊ ရငွေစာရင်း (နှစ်ချုပ်စာရင်းများ) ကို စာရင်းပြုစုရန်ရှိသည့်အတွက် Webportal မှတစ်ဆင့် e-Payment စနစ်ဖြင့် ငွေပေးသွင်းခြင်းကို ရပ်နားထားရန်လိုအပ်ကြောင်း ယင်းဌာနထံမှ သိရသည်။

သို့ဖြစ်၍ စက်တင်ဘာလ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ e-Payment စနစ်ဖြင့် ငွေပေးသွင်းမှုစနစ်ကို ယာယီရပ်နားထားမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနက အသိပေးကြေညာထားသည်။

❍

S-07

# မန္တလေးပြည်သူ့ဆေးရုံကြီးမှ ကိုဗစ်-၁၉ အတည်ပြုလူနာတစ်ဦး သေဆုံး

မန္တလေး ၊ စက်တင်ဘာ ၁၇




မန္တလေးမြို့တော်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ အသက် ၈၀ ကျော်အရွယ် အမျိုးသမီးတစ်ဦး စောင့်ကြည့်ကုသမှု ခံယူနေစဉ် စက်တင်ဘာလ ၁၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သေဆုံးသွားခဲ့သည်ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စုစုဒွေးက ပြောကြားသည်။

မဟာအောင်မြေမြို့နယ်တွင် နေထိုင်သူ အဆိုပါ အသက် ၈၀ ကျော်အရွယ် အမျိုးသမီးသည် ရောဂါဖြစ်ပွားသူ မိသားစုတစ်ဦးနှင့် ထိတွေ့ခဲ့သောကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ စက်တင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီကျော်က ရောက်ရှိလာသူဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ဆီးချိုနဲ့ သွေးတိုးရောဂါ အခံရှိပါတယ်၊ ည ၁၁ နာရီ ၄၅ မှာ ဆုံးသွားပါတယ်၊ အတည်ပြုအဖြေ သိရတော့ လူနာရဲ့ ကျန်းမာရေးအခြေအနေအရ ကန်တော်နဒီကို ရွှေ့လို့မရသေးဘူးပေါ့၊ ရွှေ့ဖို့ပြင်နေတုန်းမှာပဲ သေဆုံးသွားတာပါ”ဟု ဒေါက်တာစုစုဒွေးက ပြောဆိုသည်။

မန္တလေးတိုင်းအတွင်း ပထမဆုံး အတည်ပြုလူနာ ၀၀၄ ကို မတ်လ ၂၇ ရက်နေ့တွင် စတင်တွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အတည်ပြုလူနာ ၁၃၀ ဦးခန့်ရှိခဲ့သည့်အနက် ပထမဦးဆုံးသေဆုံးခဲ့သည့် အတည်ပြုလူနာတစ်ဦး ဖြစ်လာခဲ့သည်။

အဆိုပါအတည်ပြုလူနာသေဆုံးသူ၏ မိသားစုဝင်များအပါအဝင် ထိစပ်သူ ၁၅ ဦးကို Quarantine ထားရှိပြီးဖြစ်ကြောင်း မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စက်တင်ဘာလ ၁၇ ရက် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ ၃၈၉၆ ဦးနှင့် သေဆုံးသူအရေအတွက်မှာ ၅၇ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ❍

**ဘုန်းမြတ်**

---

## လူစုလူဝေးဖြစ်စေမည့် စုရုံးမှုများ ရှောင်ကြဉ်ရန် မန္တလေးတိုင်းဝန်ကြီးချုပ် မေတ္တာရပ်ခံ

မန္တလေး၊ စက်တင်ဘာ ၁၇

သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေနှင့် ငြိစွန်းနေခြင်းကြောင့် လူစုလူဝေးဖြစ်စေမည့် စုရုံးမှုမျိုးကို ရှောင်ကြဉ်ကြရန် အထူးမေတ္တာရပ်ခံကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ဒေါက်တာဇော်မြင့်မောင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မေတ္တာရပ်ခံပြောကြားခြင်းဖြစ်သည်။

ကိုဗစ်-၁၉ရောဂါအတွက် ကာကွယ်ခြင်းဟာ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ ကာကွယ်သလိုဖြစ်တဲ့အတွက် အားလုံးလိုက်နာခြင်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ကာကွယ်နိုင်ပါလိမ့်မယ်။ အမျိုးသားရေးတာဝန်ထမ်းခြင်းလည်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ထောက်ခံမှုကို မစုရုံးဘဲ အခြားနည်းလမ်းရှာပါလို့ တိုက်တွန်းထားပါတယ်”ဟု ဒေါက်တာဇော်မြင့်မောင်က ဆက်လက်ပြောကြားသည်။

ချမ်းအေးသာစံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ရပ်ကွက်များအတွင်းလှည့်လည်၍ မဲဆွယ်စည်းရုံးခြင်းကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းအပြင် ချမ်းအေးသာစံမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်သူ့ပါတီကလည်း မဲဆွယ်စည်းရုံးရေးခရီးစဉ်များ ရပ်နားထားမည်ဖြစ်ကြောင်း ယင်းပါတီကိုယ်စားလှယ်လောင်းများထံမှ သိရသည်။

မန္တလေးတိုင်း ခရိုင်ခုနစ်မြို့နယ်အနက် ချမ်းအေးသာစံမြို့နယ်သည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ အများဆုံး မြို့နယ်ဖြစ်သည်။ ❍

**S-02**

---

## ပုဂံဒေသရှိ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် Spa များ၊ ဘားများ ဖွင့်ထားခြင်း ရှိ မရှိ ရှောင်တခင်စစ်ဆေး

မန္တလေး၊ စက်တင်ဘာ ၁၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားသည့် ဟိုတယ်၊ တည်းခိုရိပ်သာများတွင် Spa များ၊ ဘားများ ဖွင့်လှစ်ထားခြင်း ရှိ မရှိ သိရှိနိုင်ရန် ရှောင်တခင် စစ်ဆေးမှုများပြုလုပ်နေကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။

ပုဂံ-ညောင်ဦးဒေသတွင် Covid- 19 ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဟိုတယ်၊ တည်းခိုရိပ်သာ ၁၀၀ ကျော်ကို မန္တလေးတိုင်းအစိုးရအဖွဲ့က ပြန်လည်ဖွင့်ခွင့်ပြုခဲ့ကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် လူစုလူဝေးဖြစ်စေသည့် Spa များ၊ ဘားများ မဖွင့်လှစ်ရန် ညွှန်ကြားထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောကြားသည်။

“ဒါကိုလိုက်နာမှု ရှိ မရှိဆိုတာ သိနိုင်ဖို့ စစ်ဆေးတာပါ။ ကိုဗစ်ကလည်း ပြန်လည်ဖြစ်ပွားနေတယ်။ ဟိုတယ်တွေမှာ လူစုလူဝေး ဖြစ်စေတဲ့ Spa တွေ၊ ဘားတွေမဖွင့်ဖို့ ပြောထားပြီးသားဖြစ်ပါတယ်။ အစကတည်းက ခွင့်မပြုခဲ့ပါဘူး။ သို့သော်လည်း ကိုဗစ်နဲ့ပတ်သက်လို့ စုစုဝေးဝေး မဖြစ်အောင် စစ်ဆေးတာဖြစ်ပါတယ်။ ကျွန်တော်တို့မကြည့်ဘူးဆိုရင် ပြောမရဘူးလေ။ ဒီလိုစစ်ဆေးတဲ့အတွက် ဘယ်သူကမှ မလုပ်ရဲတော့ဘူးပေါ့။ ခုတော့ မတွေ့ပါဘူး။ တွေ့ခဲ့လို့ရှိရင် ကိုဗစ်ကော်မတီကို တင်ပြမယ်” ဟု ၎င်းက ရှင်းပြသည်။

ရှောင်တခင်စစ်ဆေးမှုများကို ညောင်ဦးခရိုင်ရဲတပ်ဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ)တို့ ပူးပေါင်းစစ်ဆေးနေခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပုဂံ - ညောင်ဦးဒေသရှိဟိုတယ်များ ဧပြီလဆန်းမှစ၍ ပိတ်ထားခဲ့ရရာ ဟိုတယ်နှင့် တည်းခိုခန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန် တင်ပြခဲ့ကြသည့်အတွက် မေလနောက်ဆုံးပတ်မှစ၍ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် လက်ရှိတွင် ပုဂံဒေသရှိ ဟိုတယ်၊ တည်းခိုရိပ်သာ ၁၀၁ လုံး ပြန်လည် ဖွင့်လှစ်ခွင့်ပေးထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ) မှတ်တမ်းအရ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စက်တင်ဘာ ၁၇ ရက်နေ့ နံနက်ပိုင်းထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင် အတည်ပြုလူနာ ၃၈၉၄ ဦးရှိပြီး ၎င်းတို့အနက် ဆေးရုံဆင်းခွင့်ရသူ ၉၀၈ ဦးနှင့် သေဆုံးသူ ၅၇ ဦးရှိကြောင်း သိရသည်။ ❍

**ရတီ**

# ပိုးတွေ့တပ်မတော်သားဆရာဝန်နှင့် ထိတွေ့သူနှစ်ဦး ပိုးမတွေ့အဖြေထွက်

**တောင်ငူ၊ စက်တင်ဘာ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စက်တင်ဘာလ ၁၆ ရက်နေ့ ထုတ်ပြန်ချက်တွင်ပါဝင်သည့် ပိုးတွေ့လူနာ တပ်မတော်သားဆရာဝန်နှင့် ထိတွေ့ခဲ့သူ အမျိုးသမီးနှင့် သမီးဖြစ်သူ ကျန်းမာရေးဝန်ထမ်းတို့တွင် ပိုးမတွေ့အဖြေထွက်ခဲ့ကြောင်း လှိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဝင်းထွန်းက ပြောကြားသည်။

"တို့ဖတ်နမူနာ နှစ်ကြိမ်ယူထားတာပါ။ ပထမဆေးစစ်ချက်အဖြေ ဒီနေ့(စက်တင်ဘာ ၁၇)ထွက်တယ်။ နှစ်ယောက်စလုံး ပိုးမတွေ့ထွက်ပါတယ်။ တောင်ကြီးဆေးရုံ ဓာတ်ခွဲခန်းကို ပို့ထားတာကတော့ အဖြေမရသေးဘူး။ ပတ်သက်သူတွေကို Quarantine ထားတာနဲ့ အဝင်အထွက် ကန့်သတ်တာလုပ်ထားတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ပြင်ဦးလွင်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးခန်းထိုင်သည့် တပ်မတော်သား ဆရာဝန်ထံတွင် ဆေးကုသမှုခံယူခဲ့သည့် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သမီးဖြစ်သူ ကျန်းမာရေးဝန်ထမ်းတို့၏ နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများကို ရယူစစ်ဆေးထားသည့်အပြင် ဟိုတယ်တစ်ခုတွင် သီးခြား စောင့်ကြည့်ကာနေထိုင်စေပြီး မိသားစုဝင်များနေထိုင်ရာ အိမ်နှင့်ခရိုင် ကျန်းမာရေးဝန်ထမ်းအိမ်ရာတို့ကို အဝင်အထွက် ကန့်သတ်ထားသည်ဟု လှိုင်ကော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရှိရသည်။




**ကယားပြည်နယ်လောပိတတွင် လူအဝင်အထွက် စစ်ဆေးနေသည်ကိုတွေ့ရစဉ်။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စက်တင်ဘာ ၁၆ ရက်နေ့ထုတ်ပြန်ချက်တွင်ပါဝင်သည့် ပြင်ဦးလွင်မြို့နယ်မှ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူ ဆရာဝန်ထံသို့ လှိုင်ကော်မြို့နယ် ကျန်းမာရေးဝန်ထမ်းလိုင်းခန်းတွင်နေထိုင်သည့် ကျန်းမာရေးဝန်ထမ်း အမျိုးသမီး၏မိခင်သည် ယခုလ ၆ ရက်နှင့် ၇ ရက်နေ့များက သွားရောက်ဆေးကုသခဲ့ပြီး ၉ ရက်နေ့တွင် လှိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်ဟု လှိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိတစ်ဦးက ပြောဆိုသည်။

အဆိုပါကိုဗစ်-၁၉အတည်ပြုလူနာ ဆရာဝန်နှင့်ထိတွေ့ခဲ့သည့် အမျိုးသမီးသည် လှိုင်ကော်မြို့နယ် နာနတ်တောရပ်ကွက်တွင်နေထိုင်ပြီး ထိတွေ့သူနှင့်အတူနေ မိသားစုဝင် ၁၁ ဦးနှင့် သမီးဖြစ်သူနေထိုင်ရာ ခရိုင် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းလိုင်းခန်းမှရှစ်ဦး ရှိရာနေရာကို အသွားအလာကန့်သတ်လိုက်သည်ဟု ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် ကယားပြည်နယ်သည် ကိုဗစ်-၁၉ အတည်ပြုလူနာ မတွေ့ရှိရသေးသည့် ပြည်နယ်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၈၉၄ ဦး၊ ဆေးရုံဆင်းခွင့်ရသူ ၉၀၈ ဦး၊ သေဆုံးသူ ၅၇ ဦးအထိရှိလာခဲ့ပြီဖြစ်သည်။ ❍

**R-02**

# မြဝတီကုန်သွယ်ရေးဇုန် Quarantine စင်တာမှ အမျိုးသားရှစ်ဦး ထွက်ပြေး

**တောင်ငူ၊ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကုန်သွယ်ရေးဇုန် Community Based Facility Quarantine စင်တာတွင် Quarantine ဝင်နေသူများအနက်မှ အမျိုးသားရှစ်ဦး စက်တင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက ထွက်ပြေးသွားသည့်အတွက် စုံစမ်းရှာဖွေနေသည်ဟု မြဝတီခရိုင်မီးသတ်စခန်းမှူး ဦးဖြိုးမင်းဇော်က ပြောကြားသည်။

"မနေ့က ထွက်ပြေးသွားကြတာ။ ဒီနေ့(စက်တင်ဘာ၁၇)အထိတော့ ပြန်မတွေ့သေးဘူး။ သင်္ကန်းညိုနောင်ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ပြန်ဝင်လာသူများကို စောင့်ကြည့်ထိန်းသိမ်းရာ မြဝတီမြို့ကုန်သွယ်ရေးဇုန် Community Based Facility Quarantine စင်တာမှ ကာဆင်၊ ဟာဆင်(ကျောက်လုံးကြီး)၊ ဖိုးလုံး၊ ကျော်မင်းဦး(မင်းလက်ပံ)၊ မောင်မြင့်နိုင်၊ မောင်ပိုင်မျိုးသူ၊ ကျော်မင်းဦး၊ ဝင်းနိုင်(မြဝတီ)တို့ ထွက်ပြေးသွားခြင်းဖြစ်သည်ဟု မြဝတီခရိုင်မီးသတ်တပ်ဖွဲ့ထံမှသိရသည်။

အဆိုပါအမျိုးသားရှစ်ဦးကို မြဝတီခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးက တရားလိုပြုလုပ်ကာ သင်္ကန်းညိုနောင်နယ်မြေ ရဲစခန်းတွင် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၃ ခုနှစ်က ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်တိုင်ကြားထားသည်ဟု အဆိုပါရဲစခန်းထံမှသိရသည်။ ❍ **S - 02**



# သက္ကလတိုက်နယ်မှ ပိုးတွေ့လူနာသစ်ခုနစ်ဦးနှင့် ဆက်စပ်သူများကို Quarantine စင်တာများသို့ ပို့ဆောင်

**တောင်ငူ၊ စက်တင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စက်တင်ဘာလ ၁၇ ရက်နေ့ ထုတ်ပြန်ချက်အရ သက္ကလတိုက်နယ်မှ ကိုဗစ်-၁၉ ပိုးတွေ့လူနာသစ် ခုနစ်ဦးနှင့် ဆက်စပ်နေသူများကို Quarantine စင်တာများသို့ ပို့ဆောင်ထားသည်ဟု ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်ချစ်က ပြောကြားသည်။

"လတ်တလောတော့ သူတို့နဲ့ထိတွေ့ထားတဲ့သူ ၂၃ ဦးကို Quarantine စင်တာတွေ ပို့ထားတယ်။ လူနာတွေကိုတော့ ပဲခူးမြို့က တိုင်းအဆင့် ဆေးရုံကြီးကို ပို့မယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

သက္ကလတိုက်နယ်မှ ပိုးတွေ့လူနာခုနစ်ဦးအနက် အမျိုးသမီးတစ်ဦးသည် ပဲခူးမြို့နယ် ကမာနတ်ရှိ စက်ရုံတစ်ရုံတွင် လုပ်ကိုင်နေသူဖြစ်ပြီး ၎င်းနှင့်အတူစက်ရုံ ဆင်းခဲ့သည့် သက္ကလတိုက်နယ်မှ ၂၃ ဦးကို သက္ကလစံပြကျေးရွာ အထက်တန်းကျောင်း Quarantine စင်တာသို့ပို့ဆောင်ကာ နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများ ရယူ၍ ဆေးစစ်မှုများပြုလုပ်မည်ဟု ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

"ပိုးတွေ့တဲ့ကောင်မလေးနဲ့ စက်ရုံမှာ ဆက်စပ်ခဲ့သူတွေကို Quarantine ထားဖို့ ကျန်းမာရေးဌာနက ဆောင်ရွက်နေပါပြီ။ ကောင်မလေးကတော့ ၈ ရက်နေ့ကစပြီး Q ဝင်ခဲ့တာလို့ hung kiu 2 စက်ရုံက ပြောတယ်"ဟု ပဲခူးမြို့စက်မှုဇုန် နယ်မြေအတွင်းရေးမှူး ဦးဟိန်းထက်က ပြောဆိုသည်။

သက္ကလစံပြကျေးရွာတွင် လက်ရှိအချိန်အထိ သက္ကလတိုက်နယ် ဆေးရုံအုပ်နှင့်ကျန်းမာရေးဝန်ထမ်းများ အပါအဝင် အတည်ပြုလူနာ စုစုပေါင်း ၂၈ ဦးရှိပြီဖြစ်ကာ ၎င်းတို့နှင့်ထိတွေ့ခဲ့သူ ၇၃ ဦးခန့်ကို စံပြကျေးရွာ အထက်တန်းကျောင်း Quarantine စင်တာတွင် ထားရှိသည်။

ယင်းတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းခုနစ်ဦး၊ ဝန်ထမ်းမိသားစု ၂၄ ဦး၊ ဆေးရုံတက်လူနာ ၃၅ ဦး၊ လူနာစောင့် ၅၅ ဦး စုစုပေါင်း ၁၂၁ ဦး ကို ကန့်သတ်စောင့်ကြည့်နေရသည်ဟု ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။ ❍

**R-02**

# မကွေးတိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ သုံးဦးထပ်တိုး၊ ပိုးတွေ့ရှိသူ ၁၅ ဦးအထိရောက်ရှိ

**ချောက်၊ စက်တင်ဘာ ၁၇**

မကွေးတိုင်းအတွင်းရှိ မကွေးမြို့နှင့် နတ်မောက်မြို့တို့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူသုံးဦး ထပ်မံတွေ့ရှိထားသည့်အတွက် ပိုးတွေ့လူနာ ၁၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မကွေးတိုင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက စက်တင်ဘာလ ၁၇ ရက်နေ့က ပြောဆိုသည်။

မကွေးမြို့နယ်အတွင်း၌ ရန်ကုန်မှ ပြန်လာသော အသက် ၂၁ နှစ်အရွယ် အမျိုးသမီး၊ နတ်မောက်မြို့တွင် ရန်ကုန်မြို့တော်ရှိ Music Zoon KTV ဆိုင်မှ ဝန်ထမ်းနှစ်ဦး(ပိုးတွေ့လူနာ)နှင့် ကားအတူစီး၍ ပြန်လာပြီး Facility Quarantine စခန်းတွင် Quarantine ဝင်နေသူ အသက် ၃၁ နှစ်အရွယ် အမျိုးသားနှင့် ပေါက်မြို့မှ ရန်ကုန်ပြန် Quarantine ဝင်နေသူ အသက် ၂၄ နှစ်အရွယ် အမျိုးသားတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် ၎င်းတို့နှစ်ဦး၏ ကျန်းမာရေး အခြေအနေ ကောင်းမွန်လျက်ရှိကာ မကွေးမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီဟု ၎င်းက ရှင်းပြသည်။

"ထိတွေ့သူတွေကတော့ ခုအတည်မပြုနိုင်သေးဘူးပေါ့။ အဓိကတော့ သူတို့မိသားစုတွေတော့ ရှိတာပေါ့။ ထိတွေ့သူတွေကို Swab ယူပြီး စစ်မှာပါ။ Music Zoon KTV ကနေ ကူးစက်တာဆိုရင် နတ်မောက်မြို့မှာ နှစ်ဦး၊ မြို့သစ်မြို့မှာ နှစ်ဦး"ဟု ဒေါက်တာခင်မောင်သန်းက ဆက်လက်ပြောဆိုသည်။

မကွေးတိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ စက်တင်ဘာလ ၁၇ ရက်နေ့အထိ ၁၅ ဦးရှိခဲ့သည့်အနက် လေးဦးမှာ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး မကွေး၊ နတ်မောက်၊ မြို့သစ်၊ မင်းလှမြို့တို့မှ ပိုးတွေ့အတည်ပြုလူနာ ရှစ်ဦးသည် မကွေးမြို့ရှိ တိုင်းအဆင့်ပြည်သူ့ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံတို့တွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ်မှပြန်လာသည့် မြိုင်မြို့နယ်မှ လူနာအမှတ် ၁၈၉၄ အသက် ၂၃ နှစ်အရွယ် အမျိုးသားသည် ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံ၊ ရန်ကုန်မြို့မှပြန်လာသည့် အောင်လံမြို့နေ အသက် ၃၃ နှစ်အရွယ် ပိုးတွေ့လူနာအမျိုးသား လူနာအမှတ် ၁၁၁၂ သည် ပြည်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ❍

**R-11**



ဓာတ်ပုံ-မင်းမင်းအောင်

# ဥက္ကံတွင် ဝါယာရှော့ခ်ဖြစ်ရာ အိမ်တစ်လုံးမီးလောင်၊ အမျိုးသမီးတစ်ဦးသေဆုံး

**ဥက္ကံ၊ စက်တင်ဘာ ၁၇**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဘုရင့်နောင်ရပ်ကွက် ပတ္တမြားလမ်းတွင် စက်တင်ဘာလ ၁၇ ရက်နေ့ ညသန်းခေါင် (နံနက် ၁ နာရီခန့်)က ဝါယာရှော့ခ်ဖြစ်၍ အိမ်တစ်လုံးမီးလောင်ခဲ့ရာမှ အမျိုးသမီးတစ်ဦး သေဆုံးကြောင်း ဘုရင့်နောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက ပြောကြားသည်။

မီးလောင်သည့်နေအိမ်မှ ဒေါ်အေးအေးဝင်း အသက် (၅၇ နှစ်) သည် ကျန်းမာရေးမကောင်းဖြစ်နေပြီး ယင်းအိမ်တွင် တစ်ဦးတည်းနေထိုင်နေသူဖြစ်ကြောင်း၊ မီးလောင်သည့်နေအိမ်ကို ဥက္ကံမြို့မီးသတ်တပ်ဖွဲ့မှ မီးသတ်ကား နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၀ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခန့်အချိန်တွင် မီးငြိမ်းသွားကြောင်း၊ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၀ သိန်းရှိကြောင်း ဥက္ကံမြို့မီးသတ်စခန်းမှ မီးသတ်ဦးစီးအရာရှိ ဦးနေဝင်းထွန်းက ပြောကြားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ သေမှုသေခင်း ရေးဖွင့်ကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၈၅(မီးပေါ့ဆမှု)၊ လူ့အသက်သေဆုံးစေမှု ၃၀၄-က တို့ဖြင့် အမှုဖွင့်ခဲ့ကြောင်း ဥက္ကံနယ်မြေစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ❍

**R-06**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊ ၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈

# မိုးစပါးစိုက်ကေတစ်သိန်းကျော် Contract Farming စနစ်ဖြင့် ဆောင်ရွက်ပြီးစီး

ရန်ကုန်၊ စက်တင်ဘာ ၁၇

၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မိုးစပါးစိုက်ကေတစ်သိန်းကျော်ကို ကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီများက ကန်ထရိုက်လယ်ယာစီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ပြီး မိုးစပါးစိုက်ကေပေါင်း ၂၀၀,၀၀၀ ကျော်ကို Contract Farming စနစ်ဖြင့် ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

ဆောင်ရွက်ရန်လျာထားသည့် ကေပေါင်း ၂၀၀,၀၀၀ ကျော်ထဲတွင် စိုက်ကေပေါင်း ၁၀၀,၄၈၃ ကေကို မြို့နယ်ပေါင်း ၄၉ မြို့နယ်တွင် ကုမ္ပဏီပေါင်း ၅၃ ခုက ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။



ဓာတ်ပုံ-ရဲပြည့်ဇာနည်

Contract Farming စနစ်ဖြင့် ဧရာဝတီတိုင်းတွင် မိုးစပါးစိုက်ကေ ၄၅,၅၀၀ စိုက်ပျိုးရန်လျာထားသော်လည်း ၃၉,၄၈၈ ကေ စိုက်ပျိုးပြီးစီးပြီး ပဲခူးတိုင်းတွင် ၅၂,၀၀၀ ကေစိုက်ပျိုးရန် လျာထားသော်လည်း ၄၉,၄၀၂ ကေ စိုက်ပျိုးပြီးစီးကာ ရန်ကုန်တိုင်းတွင် ၂၁,၀၀၀ ကေ စိုက်ပျိုးရန်လျာထားသော်လည်း ၅၃၅၈ ကေ စိုက်ပျိုးပြီးစီးကာ စစ်ကိုင်းတိုင်းတွင် စိုက်ကေ ၂၃,၀၀၀ စိုက်ပျိုးရန်လျာထားသော်လည်း ကေ ၂၀၀၀ စိုက်ပျိုးပြီးစီးကာ ရခိုင်ပြည်နယ်တွင် ကေ ၁၁,၀၀၀၊ ရှမ်းပြည်နယ်တွင် ကေ ၉၀၀၀၊ မွန်ပြည်နယ်တွင် ကေ ၆၅၀၀ နှင့် နေပြည်တော်တွင် ကေ ၉၀၀၀ စိုက်ပျိုးရန်လျာထားကာ ကေ ၃၈၃၅ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

ထို့ပြင် မကွေးတိုင်းတွင် မိုးစပါးစိုက်ကေ ၇၀၀၀၊ မန္တလေးတိုင်းဒေသကြီးတွင် ကေ ၆၀၀၀ ခန့် စိုက်ပျိုးရန်လျာထားသော်လည်း ကေ ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ကေ ၂၀၀၀၊ ကချင်ပြည်နယ်တွင် ကေ ၃၀၀၀၊ ကယားပြည်နယ်တွင် စိုက်ကေ ၂၀၀၀ နှင့် ကရင်ပြည်နယ်တွင် မိုးစပါးစိုက်ကေ ၃၀၀၀ ကို Contract Farming စနစ်ဖြင့် စိုက်ပျိုးရန် လျာထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။ ❍

S-07

## LUX က LUX Botanicals ရေချိုးဆပ်ပြာရည်အမျိုးအစားအသစ်မိတ်ဆက်

ရန်ကုန်၊ စက်တင်ဘာ ၁၇

LUX က LUX Botanicals ရေချိုးဆပ်ပြာရည် အမျိုးအစားအသစ်နှစ်မျိုးကို အနုပညာရှင်များဖြင့် မိတ်ဆက်ပေးခဲ့သည်။

ယခုမိတ်ဆက်သည့်Lux Botanicals ရေချိုးဆပ်ပြာရည်များကို ရှားပါးနွယ်ဝင်ပန်းများနှင့် ပန်းပေါင်းစုံတို့၏ အဆီအနှစ်များပေါင်းစပ်ကာ ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး Lux Botanicals Youthful Skin နှင့် Lux Botanicals Skin Rebalance စသည့်အမျိုးအစားနှစ်မျိုးနှင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။



Photo - LUX

ပထမဦးစွာမိတ်ဆက်ခဲ့သည့် Lux Botanicals Youthful Skin သည် သလဲသီး၏ ရနံ့နှင့် ကော်လာဂျင်တို့ဖြင့် ဖော်စပ်ထားသည့်အတွက် အသားအရေကိုတင်းရင်းစေပြီး အရွယ်တင်စေကာ ထပ်မံမိတ်ဆက်ခဲ့သည့် Lux Botanicals Skin Rebalance သည် ဆွဲဆောင်မှုအားကောင်းသည့် ကြက်တူရွေးပန်း၏ ရနံ့နှင့် Rosehip အဆီအနှစ်တို့ကို ဖော်စပ်ပြုလုပ်ထားခြင်းကြောင့် အသားအရေ၏ အစိုဓာတ်ကို ပြန်လည်ထိန်းသိမ်းပေးပြီး အသားအရေစိုပြေစေကြောင်း Lux ထံမှ သိရသည်။

အွန်လိုင်းမိတ်ဆက်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း အနုပညာရှင်များ၏ နေအိမ်များတွင်သာသီးခြားနေပြီး အွန်လိုင်းဗီဒီယိုဖုန်း ခေါ်ဆိုမှုဖြင့် မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ❍

S-07

TRADEMARK CAUTIONARY NOTICE

**DFS Group Limited**, a company organized under the laws of the Hong Kong and having its principal office at **77 Mody Road, 8th Floor, Tsimshatsui East, Kowloon, Hong Kong** is the owner and sole proprietor of the following trademarks: -

TGALLERIA
(Reg. No. 4/1112/2013)

DFS
(Reg. No. 4/12836/2015)

DFS
(Reg. No. 4/12837/2015)

These trademarks are used in respect of the following description of goods: "Retail department store services in **Class 35**"

Any fraudulent imitation or counterfeit or unauthorized use of the said trademarks will be dealt with according to the law.

**For DFS Group Limited**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Unit 520, 5th Floor, Hledan Centre,
Corner of Pyay Road and Hledan Road,
Kamayut Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Date: 18th September 2020

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာက COVID -19 အတွက် ကူညီလုပ်ဆောင်ပေးနေတဲ့ Swab Team အတွက် PPE ဝတ်စုံတွေ ပါဝင်လှူဒါန်းနိုင်ဖို့ပါ။ သံသယလူနာတွေ Swab ယူရမယ့်အဖွဲ့အတွက် Swab Team အဖွဲ့ဝင် ဓာတ်ခွဲမှူး အောင်မျိုးသူလွင်က ပါဝင်လှူဒါန်းဖို့ နှိုးဆော်ထားတာဖြစ်ပြီး PPE ဝတ်စုံတစ်စုံကို ၁၅,၀၀၀ ကျပ်လောက် ကျသင့်မှာပါ။ ဆက်သွယ်လှူဒါန်းလိုသူများ KBZ m banking16430116400644301 (U Aung Myo Thu Lwin)၊ Kpay - 09781192614 (U Aung Myo Thu Lwin)၊ AYA - 0005201013240850 (U Aung Myo Thu Lwin) သို့ တိုက်ရိုက်လှူဒါန်းနိုင်ပါတယ်။ ❍

## ဈေးဝယ်လမ်းညွှန်




### ပလပ်ခေါင်းအတွက် ခေါင်းခဲစရာမလိုမယ့် Premium Travel Charger

ပလပ်ခေါင်းတစ်ခုတည်းနဲ့ အစုံသုံးလို့ရမယ့်Premium Travel Charger / Universal Adaptor ကို ညွှန်ပေး ချင်ပါတယ်။ USB ပေါက် လေး ပေါက်ပါဝင်ပြီး US, UK, AU, Europe ပလပ်ခေါင်းတွေ တစ်ပါတည်းပါလို့ ဘယ်နေရာသွားသွား ပလပ်ခေါင်းအတွက် အခက်တွေ့ရတဲ့ အခက်အခဲကို ပြေလည်စေမှာပါ။ ဈေးနှုန်းက ၁၈,၅၀၀ ကျပ်ဖြစ်ပြီး Eindra Store တိုက် D၊ ပထမထပ်၊ အခန်း ၁၀၂ ၊ ဗန္ဓုလကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ (မဟာဗန္ဓုလ တံတားအဆင်း၊ Ocean East Point ဘေး)၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း ၀၉-၂၆ ၂၈၉၇၂၀၉၊ ၀၉-၉၇၉၆၇၇၀၁၃ ကို ဆက်သွယ်ဝယ်နိုင်ပါတယ်။ ❍

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၁၃၉၆၀၀၀၆၊
၀၉ ၄၀၁၃၉၆၀၀၀၇၊ ၀၉ ၄၀၁၃၉၆၀၀၀၈

# အသားတိုးကြက်သားခြံဖမ်းဈေး ကျဆင်းသောကြောင့် မွေးမြူသူများ အရှုံးပေါ်

ရန်ကုန်၊ စက်တင်ဘာ ၁၇

ကြက်များကို ပြန်လည်မွေးမြူသူများ လာ သော်လည်း ဝယ်သူနည်းပါးကာ အသားတိုးကြက်သားခြံဖမ်းဈေး တစ်ပိဿာလျှင် ၁၆၀၀ ကျပ်အထိ ကျဆင်းလာသောကြောင့် မွေးမြူသူများအရှုံးပေါ်လျက်ရှိကြောင်း အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်းထံမှသိရသည်။

ယခုလက်ရှိတွင် COVID-19 ကြောင့် စားသောက်ဆိုင်များ၊လက်ဖက်ရည်ဆိုင်များ ပိတ်ထားရပြီး ပြည်သူများ အနေနှင့်လည်း အပြင်ထွက်ကာဈေးဝယ်ယူမှုနည်းပါးလာကာ အသားတိုးကြက်မှာ ထွက်နှုန်းများသော်လည်း စားသုံးသူနည်းပါးမှုကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများ အသင်းဥက္ကဋ္ဌဖြစ်သူဦးကျော်ဝင်းက ဆိုသည်။

မွေးမြူသူတွေက တစ်ပိဿာ ၂၇၀၀လောက် မွေးမြူစရိတ်ကရှိတော့ အခု ၁၆၀၀ နဲ့ရောင်းရတော့ တစ်ကောင်ကို ၁၀၀၀နှုန်းနဲ့ အကောင်တစ်ရာမွေးရင် ဆယ်သိန်းလောက်အရှုံးပေါ်နေတယ်။ ဒီလောက်ပြည်တွင်းမှာထွက်နှုန်းများပြီး ဝယ်သူနည်းလို့ မွေးမြူသူတွေအရှုံးပေါ်နေတာတောင် နိုင်ငံခြားကနေ အေးခဲကြက်သား ၄ရာခိုင်နှုန်းသွင်းမယ်ဆိုတော့ မွေးမြူသူတွေဒုက္ခရောက်ဖို့ပဲရှိမယ်”ဟု ၎င်းက ရှင်းပြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ကြက်ဘဲဈေးတွင် ဇွန်လအစပိုင်းက ဒိုင်ဈေးခြံဖမ်းဈေးနှုန်း လက်ကားဈေး တစ်ပိဿာလျှင် ၅၅၀၀ ကျပ်အထိ ဈေးတက်ခဲ့ပြီး စက်တင်ဘာလမှစတင်ကာဒိုင်ဈေးခြံဖမ်းဈေးနှုန်း ထက်ဝက်ကျော်အထိကျဆင်းကာလက်ကားဈေး တစ်ပိဿာလျှင် ၁၆၀၀ ကျပ်အထိ ဈေးကျလာကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးထံမှသိရသည်။

အသားတိုးကြက်သားဈေးနှုန်းများမှာ ဇွန်လအစတွင် ကြက်သားလက်လီဈေးတစ်ပိဿာလျှင် ကျပ် ၁၀,၀၀၀ အထိမြင့်တက်ခဲ့ကြောင်းနှင့် ယခုရက်ပိုင်းတွင် ကြက်သား လက်လီဈေးတစ်ပိဿာလျှင် ကျပ် ၄၀၀၀အထိ ဈေးကျဆင်းလာကြောင်း ယင်းဈေးကွက်ထံမှ သိရှိရသည်။

“COVID-19ကလည်းဖြစ်နေတော့ ဈေးမှာက ဝယ်သူမရှိဘူး။ဝယ်သူကလည်း တစ်ပတ်စာလောက်ဝယ်ကြတော့ ဈေးထဲမှာ လူကိုမရှိတာ။ အရင်က တစ်နေ့ကို ပိဿာ၃၀လောက်ရောင်းရပေမယ့် အခုဆို တစ်နေ့ ၅ပိဿာတောင် မနည်းကုန်အောင်ရောင်းနေရတယ်။ ကိုဗစ်ကြောင့် ဆိုင်တွေပိတ်ရတော့ ဝယ်နေကျဖောက်သည်တွေလည်း ပျောက်ကုန်တယ်”ဟု သာကေတမြို့နယ်၊ ၇ ဈေးတွင် ကြက်သားရောင်းချသည့် လက်လီဒိုင်တစ်ဦးကပြောကြားသည်။

❍ S-05




The VOICE Daily

CARTOON



# WEEKEND GUIDE

ဒီတစ်ပတ်တော့ အွန်လိုင်းကနေလေ့လာနိုင်မယ့် ပညာရေးပွဲအကြောင်းတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ပွဲတွေနဲ့ ပရိုမိုးရှင်းအစီအစဉ်နဲ့ ဝယ်ယူနိုင်မယ့် အသုံးအဆောင်ပစ္စည်းအကြောင်းနဲ့ ဂီတဖန်တီးမှုပွဲအကြောင်းကို စုစည်းဖော်ပြပေးလိုက်တာဖြစ်ပါတယ်။




## Study at Public Community College in USA

အမေရိကန်အစိုးရကောလိပ် Green River College နဲ့ ပူးပေါင်းပြီး အွန်လိုင်းကနေ ပြုလုပ်ပေးမယ့် Study at Public Community College in USA ပွဲအကြောင်း ပြောပြချင်တယ်။ ဒီပွဲမှာတော့ အမေရိကန်ပညာရေး စနစ်၊ Community College နဲ့ တက္ကသိုလ် ဘယ်လိုကွာသလဲ၊ အမေရိကန် ထိပ်တန်းတက္ကသိုလ်တွေကို ဘယ်လိုဝင်ရောက်နိုင်မလဲ စတဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဝေမျှဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်ကောလိပ်ပညာရေးနဲ့ ပတ်သက်တဲ့မေးခွန်းတွေ မေးမြန်းချင်တယ်ဆိုရင်လည်း BridgeBlue Myanmar ရဲ့ ဖေ့စ်ဘွတ်ခ်မှာလည်း မေးမြန်းနိုင်မှာဖြစ်ပါတယ်။ ဒီ Study at Public Community College in USA ပွဲကို စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။




## နိုင်ငံတကာ အနုပညာရှင် ဖိတ်ခေါ်ပရိုဂရမ် အတွေ့အကြုံများပွဲ

ပြည်တွင်းကအနုပညာရှင်တွေ ပါဝင်ဆွေးနွေးပေး မယ့် နိုင်ငံတကာ အနုပညာရှင်ဖိတ်ခေါ်ပရိုဂရမ် အတွေ့အကြုံများ ပွဲအကြောင်းကို ပြောပြချင်တယ်။ ဒီပွဲကိုတော့ လက်ရှိမြန်မာနိုင်ငံက လူငယ်အနုပညာရှင်တွေအတွက်ရည်ရွယ်ပြီး နိုင်ငံတကာ Artist Residency ပရိုဂရမ်အကြောင်းတွေနဲ့ အတွေ့အကြုံတွေကို မျှဝေနိုင်ဖို့အတွက် SOCA ကနေ စီစဉ်ပြုလုပ်ထားတာ ဖြစ်ပါတယ်။ လတ်တလော ဥရောပ၊ အာရှ၊ အမေရိကန်နိုင်ငံတွေက အနုပညာရှင် ဖိတ်ခေါ်အစီအစဉ်တွေကို သွားရောက်နေထိုင်ခဲ့သူ ပြည်တွင်းအနုပညာရှင်တွေနဲ့ ဆွေးနွေးနိုင်မယ့် အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို စက်တင်ဘာလ ၂၁ ရက်နေ့ကနေ စက်တင်ဘာလ ၂၂ ရက်နေ့ညနေ ၃ နာရီကနေ ၅ နာရီအထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## အမေရိကန် ပညာရေးလား၊ ကနေဒါမှာပဲ ကျောင်းတက်မလားဆိုတဲ့ အွန်လိုင်းပွဲ




ပညာရေးနဲ့ပတ်သက်တဲ့ပွဲတွေ စိတ်ဝင်စားတဲ့သူတွေအတွက် Crown Education ကနေ ပြုလုပ်မယ့် အမေရိကန်ပညာရေးလား၊ ကနေဒါမှာပဲ ကျောင်းတက်မလားဆိုတဲ့ အွန်လိုင်းပွဲအကြောင်း ပြောပြချင်တယ်။ ဒီပွဲမှာတော့ အမေရိကန်မှာ ပညာသင်ကြားဖို့ ရည်ရွယ်ထားတယ်ဆိုရင် ကိုဗစ်-၁၉ ကာလမှာ ဘာတွေပြင်ဆင်ထားသင့်သလဲ၊ အမေရိကန်တက္ကသိုလ်ပညာရေးရဲ့အားသာချက်တွေက ဘာတွေဖြစ်မလဲ၊ တက္ကသိုလ်ဝင်ခွင့်ရဖို့ ဘာတွေလိုမလဲ စတဲ့ အကြောင်းအရာတွေကို CUNY-Queens College, UMassBoston,Simon Fraser University က တာဝန်ရှိသူတွေနဲ့ စက်တင်ဘာလ ၁၉ ရက်နေ့မှာ အွန်လိုင်းကနေ တိုက်ရိုက်ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင်တော့ https://bit.ly/crownsep19 ကတစ်ဆင့် တက်ရောက်နိုင်မှာဖြစ်ပြီး နံနက် ၁၀ နာရီကနေ မွန်းတည့် ၁၂ နာရီ အထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## Draw-Along with Sayar Hleing Aye ပွဲ




ပန်းချီဝါသနာရှင်တွေအတွက် Derwent Myanmar ကနေ စီစဉ်ပြုလုပ်ထားတဲ့ Draw-Along with Sayar Hleing Aye ပွဲအကြောင်း ပြောပြချင်တယ်။ ဒီပွဲမှာတော့ နိုင်ငံကျော်ပန်းချီဆရာ လှိုင်းအေးနဲ့အတူ ပန်းချီတွေ လိုက်ဆွဲရင်း ဆရာရဲ့ Colour Pencil နည်းစနစ်တွေကိုလည်း လေ့လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Lucky Draw အစီအစဉ်တွေလည်း ထည့်သွင်းထားတာဖြစ်ပြီး စိတ်ဝင်စားတယ်ဆိုရင်တော့ https://zoom.us/webinar/register/1115995430606/WN-HPISn50PQK-CgAGDt9mTPA မှာ Register ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာလ ၁၉ ရက်နေ့ နေ့လယ် ၁ နာရီမှာတော့ Zoom Live Webinar Session အနေနဲ့ စတင်မှာဖြစ်ပါတယ်။




## ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့ဒီဂရီများအကြောင်း

နောက်ထပ်တစ်ပွဲကတော့ ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့ဒီဂရီများအကြောင်း ညွှန်းချင်တယ်။ ဒီပွဲမှာတော့ စင်ကာပူရှိ MDIS ကျောင်းရဲ့လက်တွေ့လုပ်ငန်းခွင်နဲ့ တွဲဖက်သင်ကြားရမယ့်ဝန်ဆောင်မှုနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့ဒီဂရီတွေအကြောင်းတွေကို အွန်လိုင်းကနေ တစ်ဆင့် ဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲတက်ရောက်လိုတယ်ဆိုရင်တော့ MDIS ရဲ့ မြန်မာပြည်ကိုယ်စားလှယ်ဖြစ်တဲ့ AT&S ဖုန်း ၀၉-၅၀၆၂၁၇၁ ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး Zoom Meeting Link ကိုရယူတက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီအွန်လိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၄ ရက်နေ့ နေ့လယ် ၂ နာရီမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။




## Tune Up To Vote 2020 ဂီတဖန်တီးမှု ပြိုင်ပွဲ

ဂီတဖျော်ဖြေပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ချင်သူတွေအတွက် Tune Up To Vote 2020 ဂီတဖန်တီးမှု ပြိုင်ပွဲအကြောင်း ပြောပြချင်တယ်။ ဒီပွဲမှာတော့ လူငယ်တွေနိုးကြားတက်ကြွစွာနဲ့ ၂၀၂၀ ရွေးကောက်ပွဲများမှာ မဲပေးကြဖို့ အားပေးတိုက်တွန်းတဲ့ စာသားတွေကို ကိုယ့်ရဲ့ကိုယ်ပိုင်သံစဉ် ဒါမှမဟုတ် ပြိုင်ပွဲအတွက် စီစဉ်ထားတဲ့ သံစဉ် ၂ ပုဒ်ကနေ ကြိုက်နှစ်သက်ရာ တစ်ပုဒ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ ဒီပွဲမှာ အကဲဖြတ်တွေအဖြစ် မိစန္ဒီနဲ့ ဥက္ကာဦးသာတို့ကနေ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပြီး လျှောက်လွှာတွေကို စက်တင်ဘာလ ၁၆ ရက်နေ့ကနေ အောက်တိုဘာလ ၉ ရက်နေ့အထိ လက်ခံသွားမှာဖြစ်ပါတယ်။ အသေးစိတ် သိချင်တယ်ဆိုရင်တော့ ဖုန်း ၀၉-၄၀၈၆၁၀၅၁၅ ကို ဆက်သွယ်မေးမြန်းနိုင်မှာဖြစ်ပါတယ်။




# ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး

စက်တင်ဘာလ ၂၂ ရက်နေ့မှာကျရောက်မယ့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို အကြောင်းပြုပြီးတော့ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး အမည်နဲ့ပြုလုပ်မယ့် ပွဲအကြောင်း ညွှန်ချင်တယ်။ ဒီပွဲမှာတော့ လက်ရှိငြိမ်းချမ်းရေးနဲ့ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီတည်ဆောက်ရေး အလားအလာတွေ၊ တိုင်းရင်းသားနယ်မြေဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများနဲ့ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ သုံးသပ်ချက်တွေကို နယ်ပယ်ပေါင်းစုံကနေ ဆွေးနွေးသုံးသပ်ပေးသွားမှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့ နံနက် ၉ နာရီကနေ ၁၁ နာရီအထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ❍




# ကိုဗစ် - ၁၉ နှင့် နာတာရှည်ရောဂါများ ကွင်းဆက်

ကျန်းမာရေးပွဲတွေသွားချင်တယ်ဆိုရင်တော့ မြန်မာနိုင်ငံဆရာဝန်အသင်းနဲ့ ဆန်းလွင်ထရိတ်ဒင်းကုမ္ပဏီ တို့ကနေ ပူးပေါင်းပြုလုပ်မယ့် ကိုဗစ်-၁၉ နှင့် နာတာရှည်ရောဂါများကွင်းဆက်ပွဲ အကြောင်း ပြောပြချင်တယ်။ ဒီပွဲမှာတော့ သွေးတိုးရောဂါ၊ နှလုံးရောဂါနဲ့ ဆီးချိုရောဂါနဲ့ ပတ်သက်တဲ့ ရောဂါအကြောင်းအရာတွေကိုဆွေးနွေးဝေမျှပေးသွားမှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီကနေ ညနေ ၃ နာရီအထိပြုလုပ်သွားမှာဖြစ်ပြီး စာရင်း ပေးသွင်းချင်တယ်ဆိုရင်တော့ bit.ly/31QQEWo ကို နာမည်စာရင်းပေးသွင်းနိုင်မှာဖြစ်ပါတယ်။ ❍

# Bkidz ရဲ့ Authentic Toys တွေကို ၂၀ ရာခိုင်နှုန်း ပရိုမိုးရှင်းအစီအစဉ်

ကိုယ့်ရဲ့ချစ်စဖွယ်ကလေးငယ်တွေအတွက် Bkidz ရဲ့ Authentic Toys တွေကို ၂၀ ရာခိုင်နှုန်း ပရိုမိုးရှင်း အစီအစဉ်နဲ့ ဝယ်ယူနိုင်မယ့် အကြောင်းကို ညွှန်းချင်တယ်။ ဒီအစီအစဉ်မှာတော့ ကာတွန်းကားလေးတွေထဲမှာ သဘောကျကြတဲ့ Barbie, My Little Pony နဲ့ Disney Princess နဲ့အတူ ဇာတ်လမ်းလေးတွေလုပ်တိုင်း ကစားနိုင်မှာဖြစ်ပါတယ်။ Barbie,My Little Pony နဲ့ Disney Princess အရုပ်တွေကို https://www.khitzay.com/collections/beyond-the-toys မှာ ၂၀ ရာခိုင်နှုန်း ပရိုမိုးရှင်း အစီအစဉ်နဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ပရိုမိုးရှင်းကာလအစီအစဉ်ကိုတော့ စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ပြုလုပ်ထားတာဖြစ်ပါတယ်။ ❍




# Irrawaddy Dolphins : The Smile of Myanmar




သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ပွဲအကြောင်းအရာတွေကို စိတ်ဝင်စားတဲ့သူတွေအတွက် iNature ကနေ ပြုလုပ်မယ့် Irrawaddy Dolphins : The Smile of Myanmar စကားဝိုင်းဆွေးနွေးပွဲအကြောင်း ပြောပြချင်တယ်။ ဒီဆွေးနွေးပွဲမှာတော့ ဆရာဦးအောင်မျိုးချစ်၊ ဆရာမ ဒေါ်ခင်သန္တာနဲ့ စာရေးဆရာမ ဂျူး တို့ကနေပြီးတော့ ဧရာဝတီလင်းပိုင်အကြောင်းနဲ့ ပတ်သက်တဲ့ မှတ်သားစရာတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်တွေ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ဗဟုသုတတွေ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဥပဒေတွေ စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို စက်တင်ဘာလ ၁၉ ရက်နေ့ ညနေ ၃ နာရီကနေ ၄ နာရီခွဲအထိ Zoom မှာပြုလုပ်သွားမှာဖြစ်ပြီး Meeting ID နဲ့ password တို့ကို https://forms.gle/w48Hbz56qFuv9sEA မှာ ထည့်ပေးထားတာ ဖြစ်ပါတယ်။ ❍

# Mango Online Special Up to 20 ရာခိုင်နှုန်း ပရိုမိုးရှင်း အစီအစဉ်

အဝတ်အစားအသုံးအဆောင်တွေထဲ Mango အမှတ်တံဆိပ်ကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် Mango Online Special Up to 20 ရာခိုင်နှုန်း ပရိုမိုးရှင်း အစီအစဉ်ကို ပြောပြချင်တယ်။ ဒီအစီအစဉ်မှာတော့ https://cutt.ly/ffSpg7c လင့်ခ်လေးထဲကနေတစ်ဆင့် Mango ရဲ့ Up to 20 ရာခိုင်နှုန်း ပရိုမိုးရှင်း အစီအစဉ်ကို ရနိုင်မှာဖြစ်ပါတယ်။ Mango အသုံးအဆောင်ပစ္စည်းတွေကို ဝင်ရောက်ကြည့်ရှုပြီး အော်ဒါမှာယူချင်တယ်ဆိုရင်တော့ https://cutt.ly/ffSpg7c ကို ဝင်ရောက်မှာယူပြီး အိမ်တိုင်ရာရောက် ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။ ❍




# ရခိုင်အစားအစာတွေ မြည်းစမ်းနိုင်မယ့် ရေသူမ သံတွဲရခိုင်အစားအစာ



သံတွဲရခိုင်အစားအစာတွေကို မြည်းစမ်းကြည့်ချင်တယ်ဆိုရင်တော့ ရေသူမ သံတွဲရခိုင်အစားအစာဆိုင်လေးကို ညွှန်ချင်တယ်။ ဒီဆိုင်လေးမှာတော့ ငါးဟင်းလျာတွေထဲကဆိုရင် ငါးသောက်ဆမ်း၊ ငါးလိပ်ကျောက်သုပ်၊ ငါးသံပုရာပေါင်း၊ ငါးဖယ်သုပ်၊ ပင်လယ်စာတွေထဲကဆိုရင်လည်း ပြည်ကြီးငါးချဉ်စပ်၊ ကြည်ကြီးငါးသုပ်၊ ရေဘဝဲချဉ်စပ်၊ ပင်လယ်စာ အစုံသုပ်၊ ဂုံးယောက်မသုပ်၊ မရွက်စိဟင်းချို၊ နန္နာလှိုင် ခရုဟင်းချို၊ ရေရှူသုပ်၊ သုံးမျိုးစပ်သုပ်စတဲ့ ပင်လယ်စာနဲ့ ပတ်သက်တဲ့ အစားအစာတွေ အတော်လေး စုံလင် တာတွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကဏန်း ဟင်းလျာထဲက ဆိုရင်လည်း ကဏန်းအပျော့ကြော်၊ မဆလာ၊ ရခိုင်ချက်၊ ပန်းကဏန်း၊ ဝသုံးလုံးကဏန်း စတဲ့ ဟင်းလျာတွေ ကို မြည်းစမ်းကြည့်နိုင်မှာ ဖြစ်ပါတယ်။ ရခိုင်အစားအစာတွေအပြင် တခြားကြက်နဲ့ ပတ်သက်တဲ့အစားအစားတွေအပြင် တခြားဟင်းလျာ တချို့လည်း ရှိပါတယ်။ အစားအစာတွေရဲ့ဈေးနှုန်း တွေက ၁၀၀၀ ကျပ်ကနေ ၅၀၀၀ ကျပ် ဝန်းကျင် အထိရှိပါတယ်။ ရန်ကုန်မြို့တွင်း ၁၀,၀၀၀ ကျပ်ဖိုးအထက်မှာ ယူတဲ့ သူတွေအတွက် ပို့ခအခမဲ့နဲ့ ပို့ဆောင်ပေးမှာဖြစ်ပြီး မှာယူချင်တယ်ဆိုရင်တော့ တစ်ရက်တော့ကြိုတင်





မှာပေးရမှာဖြစ်ပါတယ်။ အစားအစာတွေနဲ့ ပတ်သက်လို့ အသေးစိတ်သိချင်တယ်ဆိုရင်တော့ ဖုန်း ဝ၉-၄၅၁၂၅၀၅၅၅ ကိုဆက်သွယ်မှာယူမေးမြန်းနိုင်မှာဖြစ်ပါတယ်။ ❍

# အထွေထွေရွေးကောက်ပွဲတွင် မဲပေးမည့် မသန်စွမ်းဦးရေ ရှစ်သောင်းလေးထောင်ကျော်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့် မသန်စွမ်းသူဦးရေ ရှစ်သောင်းလေးထောင်ကျော်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"ဆန္ဒမဲပေးမယ့် မသန်စွမ်းသူတွေ မကျန်ရအောင် အလေးထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိစာရင်းအရ မသန်စွမ်းသူ ရှစ်သောင်းလေးထောင်ကျော် ရှိပါတယ်။ တိုင်းအလိုက်၊ မဲရုံအလိုက် မသန်စွမ်းသူတွေ ရှိပါတယ်။ မသန်စွမ်းတွေလည်း မဲစာရင်းသွားကြည့်ဖို့ လိုပါတယ်။ မျက်စိအာရုံချို့ယွင်းနေတဲ့ မသန်စွမ်းသူတွေအတွက်ဆိုရင် တာဝန်ရှိသူတွေက ကြည့်ဖို့လိုတယ်။ မသန်စွမ်းသူတွေလည်း မကျန်ခဲ့စေချင်ဘူး။ ကျန်ခဲ့လို့ ပုံစံ ၃ နဲ့ ထပ်လျှောက်ရင်လည်း စိစစ်လက်ခံဆောင်ရွက်ပေးသွားမှာပါ" ဟုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောကြားသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မသန်စွမ်းသူဦးရေသည် ၂၃ သိန်းကျော်ရှိပြီး ယင်းအထဲတွင် ၃ ပုံ ၂ ပုံသည် အသက် ၁၈ နှစ်အထက်ဖြစ်ကြောင်း၊ ယင်းမသန်စွမ်းသူများ မဲပေးရာတွင် အခက်အခဲမရှိစေရန် ဝိုးချဲများထားရှိပေးမည်ဖြစ်ပြီး ယခင်ရွေးကောက်ပွဲများ၏အတွေ့အကြုံကိုနမူနာယူကာ မသန်စွမ်းသူများရှိသည့် မဲရုံများအရေအတွက်နှင့် မသန်စွမ်းသူဦးရေကိုတွက်ချက်ကာ အထောက်အကူပြုပစ္စည်းများ ထားရှိပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"မဲတစ်မဲနဲ့ အနိုင်ရတာတွေရှိတယ်။ မသန်စွမ်းရဲ့ မဲတစ်မဲကလည်း ကိုယ်စားလှယ်တစ်ယောက်အတွက် တန်ဖိုးရှိပါတယ်။ အသက်ပြည့်ပြီး ဉာဏ်ရည်မမီတဲ့သူတွေအပေါ်မှာ မဲပေးဖို့ဟောပြောရာမှာတော့ ပါဝင်ယှဉ်တဲ့ ပါတီအမှတ်တံဆိပ်၊ အမှတ်အသားတွေကိုလုပ်ပြီး သရုပ်ပြ သင်ပေးရတာပေါ့။ အဲဒီလိုလုပ်တဲ့အခါမှာလည်း ပါတီတွေ၊ ရွေးချယ်ခံမယ့် ကိုယ်စားလှယ်တွေ၊ ကော်မရှင်အဖွဲ့ဝင်တွေက ပူးပေါင်းပါဝင်ပေးတယ်ဆိုရင် အခက်အခဲမရှိပါဘူး" ဟု ခရမ်းရောင် ကြာပန်း မသန်စွမ်းသူများ၏ စီးပွားရေးအဖွဲ့ (မြန်မာ) ၏ ဒါရိုက်တာ ဒေါ်ခင်မျိုးစုက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော်ရှိပြီး တည်ဆဲနိုင်ငံရေးပါတီ ၉၄ ပါတီမှ ၉၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း၊ ယင်းနိုင်ငံရေးပါတီများထဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စည်းရုံးယှဉ်ပြိုင်မည့်ပါတီ ၇၆ ပါတီရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းတွင်သာ စည်းရုံးယှဉ်ပြိုင်မည့်ပါတီ ၁၈ ပါတီရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

**ဝS -08**

## ပါတီမိတ်ဆက်






**ပါတီအမည်** - ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
**ပါတီဥက္ကဋ္ဌ** - ဦးခွန်ထွန်းဦး
**ပါတီအတွင်းရေးမှူး** - ဦးစိုင်းလ (ခ) စိုင်းလိတ်
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၁၂-၆-၂၀၁၂
**ပါတီအမှတ်စဉ်** - ၅၆
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အမှတ် ၁၅၇၊ ကိုးမိုင်၊ ပြည်လမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ရွေးကောက်ပွဲကြေညာစာတမ်း**

(၁) ပြည်သူတို့၏ သဘောဆန္ဒနှင့်မကိုက်ညီသော ပြည်သူများပူးပေါင်းပါဝင် ရေးဆွဲခွင့်မရှိခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူများနှစ်သက်လက်ခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြင်ဆင်ရေး (သို့မဟုတ်) အသစ်ရေးဆွဲခြင်းကို လုပ်ဆောင်မည်။

(၂) ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝကျင့်သုံးသော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု အင်္ဂါရပ်များနှင့်ပြည့်စုံသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်မည်။

(၃) တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကားကို ကျောင်းပညာသင်ကြားမှုတွင် တရားဝင်လက်တွေ့သင်ကြား အသုံးပြုရမည့်အပြင် ပြည်ထောင်စုတိုင်းရင်းသား ဘာသာစကားတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်။

(၄) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံမှုကို အခြေခံပြီး လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုအောက်တွင်ရှိရမည်။

(၅) နိုင်ငံသားတိုင်း ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံက ပြဋ္ဌာန်းပေးထားသည့် နိုင်ငံသားဆိုင်ရာအခွင့်အရေးများသာမက ကမ္ဘာကအသိအမှတ်ပြုထားသည့် အခြေခံလူ့အခွင့်အရေးများကို ရရှိခံစားနိုင်ရန်ဆောင်ရွက်မည်။ အဆိုပါအခွင့်အရေးများကို မည်သည့်အကြောင်းကိစ္စနှင့်မျှ ရုပ်သိမ်းခွင့်မရှိစေရ။

(၆) တိုင်းရင်းသားအပေါင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် တက်ကြွစွာပူးပေါင်းပါဝင်လာနိုင်ရန်အတွက် တန်းတူအခွင့်အရေးနှင့် လက်လှမ်းမီနိုင်သည့် အရည်အသွေးမြင့် ဝန်ဆောင်မှုများကို လွယ်ကူစွာရယူနိုင်ရန် စီမံဆောင်ရွက်ထားရှိမည်။

(၇) ပြည်တွင်းနေရပ်စွန့်ခွာ ပြောင်းရွှေ့ရသူများအတွက် လိုအပ်သည့်ဝန်ဆောင်မှု၊ ကာကွယ်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

(၈) ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်တိုင်းရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း၊ အမျိုးသားပါဝင်မှု ၃၀ ရာခိုင်နှုန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၉) အလုပ်သမား၊ တောင်သူလယ်သမားများ၏ နေ့စဉ်လူမှုဘဝလုံခြုံမှု၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု၊ ထိခိုက်နစ်နာမှုများအတွက် ဥပဒေအရ အကာအကွယ်ရယူပိုင်ခွင့်၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှု၊ လွတ်လပ်စွာပျော်ရွှင်မှုများ စနစ်တကျခံစားခွင့်ရရှိရေး ဖန်တီးပေးနိုင်ရန် မူဝါဒများ ချမှတ်ဆောင်ရွက်မည်။

**ပါတီဆောင်ပုဒ်**

**'ဖက်ဒရယ်မှသည် ငြိမ်းချမ်းရေးဆီသို့ SNLD ကို မဲပေးစို့'**






**ပါတီအမည်** - ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP)
**ပါတီဥက္ကဋ္ဌ** - သူရဦးရွှေမန်း
**ပါတီအတွင်းရေးမှူး** - ဦးစံရွှေအောင်
**ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့** - ၂၅-၄-၂၀၁၉
**ပါတီအမှတ်စဉ်** - ၁၁၂
**ပါတီနယ်မြေ** - ပြည်ထောင်စုတစ်ဝန်းလုံး
**ပါတီရုံးချုပ်** - အိမ်အမှတ် A-3၊ ရာဇသင်္ဂဟလမ်း၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရခရိုင်၊ နေပြည်တော်။

**ရွေးကောက်ပွဲကတိကဝတ်**

(၁) တိုင်းရင်းသားအားလုံး ဖက်ဒရယ်အခွင့်အရေးနှင့် နိုင်ငံသားတိုင်း အခွင့်အရေးရရှိစေရမည်။

(၂) တောင်သူလယ်သမားများ

(က) စိုက်စရိတ်ချေးငွေ စပါးတစ်ဧကလျှင် အနည်းဆုံး ကျပ်သုံးသိန်း၊ အခြားရာသီ သီးနှံတစ်ဧကလျှင် အနည်းဆုံး ကျပ်နှစ်သိန်းနှုန်း ထုတ်ချေးပေးပြီး ၃ နှစ်အတွင်း အကျေဆပ်ခွင့်၊ စက်မှုနှင့် နှစ်ရှည်သီးနှံချေးငွေကို အမျိုးအစားအလိုက် တစ်ဧက ကျပ်ဆယ်သိန်းနှုန်းအထိ ထုတ်ချေးပေးပြီး ၃ နှစ်မှ ၇ နှစ်အတွင်း ပြန်ဆပ်ခွင့်ပြုရေး စီမံပေးမည်။

(ခ) စပါးတင်းတစ်ရာလျှင် အနည်းဆုံး ကျပ် ၆ သိန်းခွဲနှုန်း သတ်မှတ်ဝယ်ယူရေး စီမံပေးမည်။

(ဂ) ငါးအပါအဝင် မွေးမြူရေးဆိုင်ရာချေးငွေများ သတ်မှတ်ထုတ်ချေးရေး စီမံပေးမည်။

(ဃ) လယ်ယာသီးနှံနှင့် ငါးသားထွက်ကုန်များ စက်မှုနှင့် နှစ်ရှည်သီးနှံများ ဈေးကွက်နှင့် ဈေးနှုန်းအာမခံချက်ရရှိရေး စီမံပေးမည်။

(၃) အလုပ်သမား၊ အလုပ်ရှင်

(က) တစ်ရက်လုပ်အားခနှုန်းထားကို အနည်းဆုံးကျပ်တစ်သောင်းရအောင် ၂ နှစ်အတွင်း စီမံဆောင်ရွက်ပေးမည်။

(ခ) တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအပါအဝင် အငယ်စား၊ အသေးစား၊ အလတ်စားနှင့် အကြီးစားစီးပွားရေး လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်မည်။ အတိုးနှုန်းသက်သာသည့် စီမံကိန်းချေးငွေများရရှိရေး စီမံပေးမည်။

(ဂ) အလုပ်လုပ်လိုသော အရွယ်ရောက်သူတိုင်း အလုပ်အကိုင်ရရှိရေး စီမံပေးမည်။

(၄) နိုင်ငံ့ဝန်ထမ်းအားလုံး လက်ရှိလစာနှုန်းထားထက် အနည်းဆုံး နှစ်ဆရရှိရေးကို ၂ နှစ်အတွင်း စီမံဆောင်ရွက်ပေးမည်။ အနိမ့်ဆုံးဝန်ထမ်း၏လစာ ကျပ်သုံးသိန်း သတ်မှတ်ပေးမည်။

(၅) ပြည်သူ့ဝန်ထမ်းများဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်စရိတ်ကို အနည်းဆုံး ကျပ်လေးသိန်း ခံစားခွင့်ရရှိရေး စီမံဆောင်ရွက်ပေးမည်။

(၆) အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တိုးမြှင့်ပေးမည်။

(၇) သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်နှင့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးများတိုးမြှင့်ပေးမည်။

(၈) မြေယာပြဿနာများကို တစ်နှစ်အတွင်း ပြီးပြတ်အောင်ဖြေရှင်း စီမံဆောင်ရွက်ပေးမည်။

(၉) အခွန်အခ၊ လိုင်စင်ကိစ္စ၊ စည်ပင်ကိစ္စ၊ မြို့ဝင်ကြေး၊ လျှပ်စစ်မီတာခနှင့် မှတ်ပုံတင်ကိစ္စရပ်များကို အချိန်ကုန်၊ ငွေကုန်၊ လူပန်းမဖြစ်စေရေး စီမံဆောင်ရွက်ပေးမည်။

(၁၀) တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးတို့ကို တိုးတက်ကောင်းမွန်အောင် အထူးအလေးထား ဆောင်ရွက်မည်။

(၁၁) ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေအရပ်ရပ်ကို နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်မည်။

(၁၂) ပြည်သူတစ်ရပ်လုံး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိုးပိုင်အိမ်ပိုင်နေထိုင်နိုင်ရေး၊ ကိုယ်ပိုင်ကားစီးနိုင်ရေး၊ အများပြည်သူ ခရီးသွားလာမှု ချောမွေ့အဆင်ပြေရေးတို့ကို လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးမည်။

**ပါတီဆောင်ပုဒ်**

**'ပိုပြီးကောင်းအောင် ပြောင်းလဲဖို့ UBP ကို မဲပေးစို့'**

# မိုးခေါင်သဖြင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ ရေဝေချောင်းများ ရေအဝင်နည်း

**မုံရွာ၊ စက်တင်ဘာ ၁၇**


ဓာတ်ပုံ-ခင်မေစန်း

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယခုနှစ်မိုးရာသီကာလ၌ မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ရှိ ရေဝေချောင်းများအတွင်းသို့ ရေအဝင်နည်းနေသည်ဟု အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်အစပ်ရှိ မဟူတောင်ကြောတွင်ရှိသော အလောင်းတော်ကဿပအမျိုးသားဥယျာဉ်သည် ကေသုံးသိန်းကျယ်ဝန်းပြီး တောအလယ်အလောင်းတော်ကဿပဘုရားသို့ သွားရာလမ်းရှိ ချောင်းမကြီးချောင်း၊ ဝက်ကျချောင်း၊ ဘုရားဝချောင်း၊ သုံးချောင်း၊ ပုထိုးလုံးချောင်းတို့ရှိနေရာ မိုးရွာသွန်းမှုနည်းပါးခဲ့သောကြောင့် ရေဝင်နည်းနေကြောင်း အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးရုံး ဦးစီးအရာရှိ ဦးအောင်မောင်းက ပြောကြားသည်။

"ဒီနှစ်မှာ မိုးများများမရွာဘူး။ ကပိုင်ချောင်းက ကမ်းလုံးပြည့်စီးဆင်းတဲ့ အခြေအနေကနေ ရေစီးနည်းတဲ့အနေအထားရောက်နေပြီ။ အမျိုးသားဥယျာဉ်ကိုပတ်ဝိုင်းနေတဲ့ သစ်တောကြိုးဝိုင်းကြီးတွေမှာ တောပါးသွားတော့ ရွာတဲ့မိုးရေကို ထိန်းမထားနိုင်ဘူး။ ချောင်းတွေရေနည်းနေတယ်" ဟု ၎င်းက ပြောဆိုသည်။

ယင်းသို့ရေဝင်နည်းသဖြင့် သားရိုင်းတိရစ္ဆာန်များ ရေပြဿနာကြုံနိုင်သည့်အပြင် ရေရှိရာနေရာသို့သွားရာမှ နယ်ကျွံကာ ချောက်ကမ်းပါးမှ ပြုတ်ကျခြင်း၊ လူများထောင်သည့် ထောင်ချောက်မိခြင်းတို့ကြောင့် စိုင်သတ္တဝါများ လျော့နည်းလာရသည်ဟု ဦးစီးအရာရှိက ထပ်မံပြောဆိုသည်။ ❍ R-08


ဓာတ်ပုံ-ပြည်သာယာလူမှုကူညီရေးအသင်း

# မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးမှ သံသယလူနာအမျိုးသားတစ်ဦး သေဆုံး

**မိတ္ထီလာ၊ စက်တင်ဘာ ၁၇**

မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသော သံသယလူနာ အမျိုးသားတစ်ဦးကို စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၁၁ နာရီခန့်အချိန်က မြင်တော်ကန်သုသာန်သို့ စနစ်တကျပို့ဆောင်၍ မီးသင်္ဂြိုဟ်ပေးခဲ့ကြောင်း မြို့ခံ ပြည်သာယာလူမှုကူညီရေးအသင်းထံမှ စုံစမ်းသိရှိရသည်။

"မနေ့က (စက်တင်ဘာ ၁၆ ရက်) မနက်က ရောက်လာတယ်။ မနက် ၁၁ နာရီ ၄၅ မိနစ်လောက်မှာ ဆုံးတယ်။ အသက်က ၆၃ နှစ်။ နှလုံးရောဂါအခံရှိတယ်။ သာစည်ကလွှဲလိုက်တာ။ အမှန်တော့ ကိုဗစ်သံသယနဲ့လွှဲတာမဟုတ်ဘူး။ အဖျားတက်လာလို့ သံသယထဲထည့်လိုက်တာ။ မနေ့က ဓာတ်ခွဲနမူနာယူပြီးမှ ဆုံးသွားတယ်။ ဒီနေ့မနက်မှာ အဲဒီနမူနာကို ပို့လိုက်ပါပြီ" ဟု မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က ပြောကြားသည်။

လက်ရှိအချိန်၌ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ လေးဦးနှင့် သံသယလူနာသုံးဦး တက်ရောက်ကုသလျက်ရှိပြီး ၎င်းတို့အားလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် စက်တင်ဘာလ ၁၇ ရက် နံနက် ၈ နာရီ အချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ ၃၈၉၄ ဦးနှင့် သေဆုံးသူ ၅၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ❍

R-01

# သထုံမြို့တွင် စိတ်ကြွဆေးပြား ၁၅၀၀ ကျော်ဖမ်းမိ

**တောင်ငူ၊ စက်တင်ဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက် အလယ်ရွာချောင်းလမ်းရှိ အိမ်တစ်အိမ်တွင် စက်တင်ဘာလ ၁၆ ရက်နေ့ ညနေ ၅ နာရီခန့်က WY စာတန်းပါစိတ်ကြွဆေး ၁၅၃၆ ပြား ဖမ်းဆီးရမိခဲ့သည်ဟု သထုံမြို့မရဲစခန်းထံမှ သိရသည်။

သထုံခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် သိမ်ကုန်းရပ်ကွက် အလယ်ရွာချောင်းလမ်းနေ ဦးကောင်းကျော်ခန့် (ခ) ဂတုံး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးရာ ကျပ်၇၆ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွဆေး ၁၅၃၆ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်ဟု မှုခင်းမှတ်တမ်းအရ သိရသည်။

"ဖမ်းမိတဲ့ ဂတုံးရဲ့ထွက်ဆိုချက်အရ ကျောက်တန်းရွာက မျိုးဇော် ဆိုတဲ့သူကို သွားရောက်စစ်ဆေးခဲ့ပေမယ့် သူ့ဆီက မမိဘူး" ဟု သထုံမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကောင်းကျော်ခန့် (ခ) ဂတုံးနှင့် မျိုးဇော်တို့ကို သထုံမြို့မရဲစခန်းက မယ (ပ) ၃၈/၂၀၂၀၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ (က)/ ၂၀(က) / ၂၁ တို့ဖြင့် အမှုဖွင့် စစ်ဆေးနေသည်ဟု အဆိုပါရဲစခန်းထံမှ သိရသည်။ ❍

R-02

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

The VOICE Daily
Friday, September 18, 2020



# ကိုဗစ် - ၁၉

ဒုတိယလှိုင်း တစ်နေ့ထက်တစ်နေ့ တိုးမြင့်လာတာနဲ့အတူ အားလုံးအတွက် စိုးရိမ်မှုနဲ့ ကြောက်ရွံ့မှုတွေပါ တစ်ပါးတည်း ယူဆောင်လာနေပါပြီ။ ပိုးတွေ့လူနာအရေအတွက်ကလည်း နေ့စဉ် လူပေါင်းရာကျော် ဖြစ်နေပါတယ်။ သေဆုံးမှုအရေအတွက်မှာလည်း တိုးလာနေပါတယ်။ ကိုဗစ်ထိန်းချုပ်ကာကွယ်ရေးတွေကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပေမယ့် ကိုဗစ်ပထမလှိုင်း အနေအထားနဲ့ နှိုင်းစာရင် လိုအပ်နေဆဲလို့ဆိုရမှာပါ။ ထိန်းချုပ်ကာကွယ်မှုရော၊ လိုက်နာမှုရောပါ။

ပိုးကူးသူအရေအတွက် များပြားလာတဲ့နောက်မှာတော့ ထိန်းချုပ်ရေးအတွက်နဲ့ ကုသရေးဆိုင်ရာတွေမှာ နေရာလိုအပ်ချက်ကအစ လူသားရင်းမြစ်အဆုံး ပိုမိုလိုအပ်နေပါတယ်။ လက်ရှိအချိန်အထိ ကူးစက်သူအရေအတွက်ဟာ တစ်ရက်ထက်တစ်ရက် မြင့်မားလာနေဆဲပါ။ ဒီတော့ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနဲ့ ကုသရေးလုပ်ငန်းတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်ဖို့လိုအပ်နေတယ်လို့ဆိုရမှာပါ။ အထူးသဖြင့် ကာကွယ်တားဆီးရေး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှ ကူးစက်မှုကို တားဆီးနိုင်မယ်ဆိုတာ အားလုံးသိပြီး ဖြစ်ပါတယ်။ ထိန်းချုပ်တားဆီးကာကွယ်ရေး အစီအမံတွေ တင်းတင်းကျပ်ကျပ် ဆောင်ရွက်နေတဲ့ကြား ပိုးကူးသူအရေအတွက် တိုးလာတာကလည်း ပြန်လည်စဉ်းစားသင့်တဲ့ အချက်တစ်ချက်လို့ မြင်မိပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေမှာတောင် အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရတာ သတင်းတိုင်းလိုလိုမှာ တွေ့နေရပါတယ်။ ဒီတော့ ကာကွယ်တားဆီးရေး အားနည်းလို့ဖြစ်စေ၊ မလိုက်နာကြလို့ဖြစ်စေ၊ မထိရောက်လို့ဖြစ်စေ ကူးစက်မှုတွေ ဒီထက်ပိုပြီး များလာခဲ့မယ်ဆိုရင် ဘယ်လိုရင်ဆိုင်ဖို့ ပြင်ဆင်ထားလဲဆိုတာ အရေးကြီးလိုအပ်ချက်ပဲ ဖြစ်ပါလိမ့်မယ်။ ကိုဗစ်အရေးဟာ နိုင်ငံသားအရေးကိစ္စဆိုတာထက် ကျော်လွန်တဲ့ လူသားအရေးကိစ္စ ဖြစ်နေတာပါ။ တစ်နိုင်ငံချင်းစီအတွက်ဆို နိုင်ငံသားအရေးကိစ္စလို့ ဆိုရမှာပါ။

ကိုဗစ်ကူးစက်မှုနဲ့အပြိုင် အရှိန်မြင့်တက်လာတာက ၂၀၂၀ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေပါပဲ။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွေဟာလည်း နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ပါ။ ဒီတော့ နိုင်ငံရေးလုပ်ငန်းစဉ်တွေဆိုတာ ဘယ်သူ့အတွက်လည်းဆိုတာ စဉ်းစားမိပါတယ်။ ယေဘုယျအနေနဲ့ဆိုရင် နိုင်ငံရေးဆိုတာက နိုင်ငံသားများရဲ့အရေးကိစ္စပဲ မဟုတ်ပါလား။ နိုင်ငံသားများရဲ့အရေးဖြစ်လို့ နိုင်ငံသားအားလုံးရဲ့အကျိုးစီးပွားကို ဦးတည်ဖို့ လိုအပ်ပါလိမ့်မယ်။ အခုအခါမှာ စက်တင်ဘာလ ၈ ရက်နေ့က စပြီးခွင့်ပြုခဲ့တဲ့ မဲဆွယ်စည်းရုံးရေးတွေကြောင့် လူစုလူဝေးတွေ နေရာအတော်များများမှာ တွေ့မြင်ရပါတယ်။ မဲဆွယ်စည်းရုံးတာတွေကို ကိုဗစ်ကာကွယ်တားဆီးရေး စည်းကမ်းချက်တွေနဲ့အညီဆောင်ရွက်ဖို့ ထုတ်ပြန်ထားပေမယ့် လက်တွေ့အခြေအနေမှာ ထုတ်ပြန်ချက်တွေနဲ့အညီ ဖြစ်ရဲ့လားဆိုတာ ခက်ခက်ခဲခဲ သက်သေရှာစရာမလိုပါဘူး။ ပုံနှိပ်မီဒီယာတွေ၊ လူထုကွန်ရက်တွေပေါ်မှာ ပလူပျံအောင် တွေ့မြင်နိုင်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေ မသိတာလား၊ မမြင်တွေ့တာလားတော့ မပြောတတ်ပါဘူး။

မဲဆွယ်ရေး လူစုလူဝေးလုပ်ဆောင်ချက်တွေဟာ မဲဆွယ်ပွဲအတွက် မှန်ကောင်းမှန်နိုင်ပေမယ့် ကိုဗစ်ကာကွယ်တားဆီးရေးအတွက်တော့ လုံးဝမမှန်နိုင်ပါဘူး။ ဒီလူစုလူဝေးတွေကြောင့် ကိုဗစ်ကူးစက်ခဲ့ရင် ဘယ်သူ့ကိုအရေးယူမှာလဲလို့ မေးရမယ့်အခြေအနေပါ။ ဒါပေမဲ့ အရေးယူတာတွေက နောက်ကိစ္စပါ။ ကိုဗစ်ကူးစက်ခဲ့ရင် အရင်ဆုံးခံစားကြရမှာက ကြားက ပြည်သူတွေပါပဲ။ အခုကိုပဲ ကိုဗစ်ကူးသည်ဖြစ်စေ၊ မကူးသည်ဖြစ်စေ စီးပွားရေးလုပ်ငန်းတွေ ရပ်ထားကြရလို့ စားရေးသောက်ရေးကအစ ခက်ခဲနေကြလို့ မြွေပူရာကင်းမှောင့်နေကြရတာပါ။

ဒီတော့ မဲဆွယ်ပွဲတွေဟာလည်း နိုင်ငံသားအရေးဖြစ်၊ ကိုဗစ် ကာကွယ်ထိန်းချုပ်ရေးဟာလည်း နိုင်ငံသားများအရေးဖြစ် ဆိုတော့ ဘယ်ကိစ္စက ပိုအရေးကြီးလဲဆိုတာ ဆွေးနွေးကြဖို့လိုပါတယ်။ ဘယ်အရေးကို ဆိုင်းထားလို့ရလဲ၊ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေက ဘာလဲဆိုတာ နိုင်ငံသားများအရေးနဲ့ နှိုင်းချိန်စဉ်းစားပေးကြဖို့ လိုအပ်ပါမယ်။ ကိုဗစ်ကူးစက်တာတွေကြောင့် နိုင်ငံတကာမှာ ရွေးကောက်ပွဲတွေ ရွှေ့ဆိုင်းလိုက်တဲ့နိုင်ငံတွေရှိသလို ရွေးကောက်ပွဲကျင်းပတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ နှိုင်းချိန်စဉ်းစားတဲ့အခါမှာ ထပ်တူမကျတဲ့အခြေအနေတွေကိုပါ ထည့်သွင်းစဉ်းစားကြဖို့ လိုပါတယ်။ အခြားနိုင်ငံတွေ ရွှေ့ဆိုင်းတိုင်း ရွှေ့ဆိုင်းဖို့ မလိုသလို အခြားနိုင်ငံတွေ ကျင်းပတိုင်း ကျင်းပဖို့လိုမယ်လို့ မယူဆပါဘူး။ ကိုယ့်နိုင်ငံအခြေအနေနဲ့ ကိုယ့်နိုင်ငံသားတွေရဲ့အကျိုးကို မဏ္ဍိုင်ထားဆုံးဖြတ်ကြမှ ပြည်သူ့အကျိုးစီးပွားကိုဗဟိုပြုတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါလိမ့်မယ်။




ရွေးကောက်ပွဲရွှေ့ဆိုင်းတာကြောင့် ဖြစ်လာနိုင်တဲ့ဥပဒေအကျပ်အတည်းတွေ၊ နိုင်ငံရေးအကျပ်အတည်းတွေကို ရှောင်လွှဲချင်လို့ဖြစ်စေ၊ အခြားသောရည်ရွယ်ကြောင့်ဖြစ်စေ ကိုဗစ်အရေးကို လျှော့ပေါ့မစဉ်းစားစေလိုပါဘူး။ ဒါဟာ စိုးရိမ်စိတ်လွန်ကဲတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် လက်ရှိ ကူးစက်မှုနှုန်းအရဆို စိုးရိမ်စရာဖြစ်နေတာကတော့ လက်တွေ့ပါပဲ။ ဒီနေ့အထိ တွေ့ရှိထားတဲ့ ပိုးတွေ့လူနာအရေအတွက်နဲ့တင် နေရာမလုံလောက်မှုတွေ၊ ဆရာဝန်၊ ဆရာမ မလုံလောက်မှုတွေနဲ့ ကြုံတွေ့နေရပါပြီ။ လူစုလူဝေးတွေကြောင့် ထပ်မံကူးစက်လာမယ်ဆိုရင် မတွေးဝံ့စရာပါပဲ။

ကိုဗစ်ကူးစက်မှုနဲ့ ရွေးကောက်ပွဲမဲဆွယ်မှုတွေဟာ ဆန့်ကျင်ဘက်သဘောလို့ ဆိုရမလိုပါပဲ၊ ရွေးကောက်ပွဲမဲဆွယ်တာကို လူစုလူဝေးနဲ့ လုပ်ဆောင်ရတဲ့အချိန်မှာ ကိုဗစ်ကတော့ လူစုလူဝေးကို ရှောင်ရှားရတဲ့သဘောဖြစ်နေပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ကိုဗစ်ကူးစက်မှုတွေ ပိုဆိုးလာရင် အားလုံးရဲ့ကျန်းမာရေးတွေ၊ စီးပွားရေးတွေ၊ လူမှုရေးတွေ၊ ပညာရေးတွေကိုပိုပြီးထိခိုက်စေမှာပါ။ ဒီထက် ပိုဆိုးမယ်၊ မဆိုးဘူးဆိုတာ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ ရွေးကောက်ပွဲ ရွှေ့ဆိုင်းမယ်၊ မရွှေ့ဆိုင်းဘူး ဆိုတာကို အောက်တိုဘာလမှ ကြေညာမယ်လို့ဆိုထားပါတယ်။ ဒီတော့ ဒီကြားထဲမှာ

**မဲဆွယ်ရေး လူစုလူဝေးလုပ်ဆောင်ချက်တွေဟာ မဲဆွယ်ပွဲအတွက် မှန်ကောင်းမှန်နိုင်ပေမယ့် ကိုဗစ်ကာကွယ်တားဆီးရေးအတွက်တော့ လုံးဝမမှန်နိုင်ပါဘူး။ ဒီလူစုလူဝေးတွေကြောင့် ကိုဗစ်ကူးစက်ခဲ့ရင် ဘယ်သူ့ကိုအရေးယူမှာလဲလို့ မေးရမယ့်အခြေအနေပါ။ ဒါပေမဲ့ အရေးယူတာတွေက နောက်ကိစ္စပါ။ ကိုဗစ်ကူးစက်ခဲ့ရင် အရင်ဆုံးခံစားကြရမှာက ကြားက ပြည်သူတွေပါပဲ။ အခုကိုပဲ ကိုဗစ်ကူးသည်ဖြစ်စေ၊ မကူးသည်ဖြစ်စေ စီးပွားရေးလုပ်ငန်းတွေ ရပ်ထားကြရလို့ စားရေးသောက်ရေးကအစ ခက်ခဲနေကြလို့ မြွေပူရာကင်းမှောင့်နေကြရတာပါ။**

မဲဆွယ်စည်းရုံးမှုတွေ ရှိနေဦးမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ရွှေ့ဆိုင်းဖို့၊ ဆက်လက်လုပ်ဆောင်ဖို့ ဆုံးဖြတ်တယ်ဆိုရာမှာ ဘယ်အခြေအနေအပေါ်မူတည်ပြီး ဆုံးဖြတ်မှာလဲဆိုတာ အရေးကြီးပါတယ်။ ဒီနေ့အထိ ကူးစက်မှုတွေကို ထိန်းချုပ်နိုင်ပြီလို့ ပြောလို့မရသေးပါဘူး။ ဒီတော့ ကိုဗစ်ကူးစက်မှုနဲ့ သေဆုံးမှုကို ဘယ်အတိုင်းအတာပမာဏအထိ စောင့်ကြည့်ကြမှာလဲ။ ဘယ်အတိုင်းအတာပမာဏရောက်မှ ဆုံးဖြတ်ကြမှာလဲ။ အခုအချိန်မှာ တွေ့ဆုံဆွေးနွေးထားကြဖို့မလိုသေးဘူးလား။ မလိုအပ်ဘူးလား။ ရွေးကောက်ပွဲဟာ နိုင်ငံအတွက် အရေးကြီးသလို ကိုဗစ်အန္တရာယ်ကာကွယ်ဖို့ကလည်း အရေးကြီးပါတယ်။ နှစ်ခုစလုံးဟာ နိုင်ငံ့အရေးဖြစ်တာမို့ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း ဆုံးဖြတ်တာထက် ဘုံအကျိုးစီးပွားအတွက် သက်ဆိုင်သူအားလုံး ညှိနှိုင်းဆုံးဖြတ်ဖို့ မသင့်ဘူးလားလို့လည်း စဉ်းစားမိပါတယ်။

အခုလို အကျပ်အတည်းကာလမှာ တစ်ဦးတစ်ယောက်အကျိုး၊ ပါတီအကျိုး၊ ပြည်သူ့အကျိုးတွေကို ချင့်ချိန်ကြရမှာပါ။ ရွေးကောက်ပွဲ မဲဆွယ်ကာလဖြစ်တဲ့အတွက် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ ယှဉ်ပြိုင်စည်းရုံးကြရမှာမှန်ပေမယ့် ကိုဗစ်ကြောင့် ပြည်သူအားလုံး ဒုက္ခအကျပ်အတည်းဖြစ်နေချိန် လက်တွေ့လိုအပ်တာက ပြိုင်ဆိုင်မှုထက် စည်းလုံးညီညွတ်မှုနဲ့ ကိုဗစ်ကပ်ရောဂါ ကျော်လွှားနိုင်ရေးလို့ ယူဆမိပါတယ်။ ကိုဗစ်- ၁၉ ဟာ ကျန်းမာရေးဆိုင်ရာဆိုပေမယ့် နောက်ဆက်တွဲအကျိုးဆက်တွေကလည်း ရှိနေဦးမှာပါ။ ရွေးကောက်ပွဲတော့ နိုင်ကြပါရဲ့ ကိုဗစ်အလွန်နိုင်ငံကတော့ ချွတ်ခြုံကျသွားလို့ မဖြစ်ပါဘူး။

ဒါ့အပြင် ကိုဗစ်ကာလအတွင်း မဲဆွယ်စည်းရုံးမှုတွေ ညီမျှမှုမရဘူးဆိုတဲ့အသံတွေလည်း ကြားရပါတယ်။ အကယ်၍များ ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပလို့ မညီမျှမှုတွေရှိလာရင် နိုင်ငံရေးစိတ်ဝမ်းကွဲတာတွေကရော ဖြစ်သင့်တဲ့အခြေအနေဟုတ်ပါရဲ့လား။ ကိုဗစ်ကာလအတွက် သာမဟုတ်ဘဲ ကိုဗစ်အလွန်ကာလကို စဉ်းစားပေးစေလိုတာပါပဲ။

ဒီလိုအကျပ်အတည်းတွေကြားမှာ ကိုဗစ်စဖြစ်တဲ့အချိန်ကစလို့ ဒီနေ့အထိ အထူးခြားဆုံးတစ်ခုကတော့ ပရဟိတအဖွဲ့တွေပါပဲ။ ပရဟိတအဖွဲ့ဆိုပေမယ့် အချို့လည်း တစ်ဦးတည်း တစ်ပိုင်တစ်နိုင် လူအား၊ ငွေအား ကူညီကြတာ တွေ့ရပါတယ်။ အချို့ကလည်း နီးစပ်ရာစုပေါင်းပြီး တတ်အားသရွေ့ ပရဟိတ ကူညီကြပါတယ်။ အချို့ကတော့ အသင်းအဖွဲ့ပုံစံနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ ဝမ်းသာကြည်နူးစရာလည်းကောင်းသလို သာဓုလည်း ခေါ်မိပါတယ်။ ဒါကြောင့်လည်း ပရဟိတလုပ်ငန်းတွေဟာ ကိုယ်ကျိုးမဖက် စေတနာမွန်မြတ်တဲ့ ကူညီမှုသက်သက်ဖြစ်လို့ နတ်လူသာဓုခေါ်တဲ့လုပ်ငန်းလို့ ဆိုကြတာပါ။

ဒီနေရာမှာ ပရဟိတလုပ်ငန်းဆိုလို့ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ နိုင်ငံရေးအယူအဆလေးကို သတိရမိပါတယ်။ မောင့်ဘက်တန်ကို ပြောခဲ့တာပါ။ နိုင်ငံရေးကို ပရဟိတလုပ်ငန်းလို သဘောထားတယ်ဆိုတဲ့ အယူအဆလေးပါပဲ။ အခုလို ကိုဗစ်ကြီးဖြစ်နေချိန်မှာ နိုင်ငံရေးကို ကိုယ်ကျိုးမဖက်တဲ့ ပရဟိတလို သဘောထားပေးနိုင်ကြမယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲလို့ စိတ်ကူးယဉ်မိပါတယ်။

❍ **သိန်းထွန်း (IR)**

( ၁၆ . ၉ . ၂၀၂၀ )

# သော ကြာ စ ကား ဝိုင်း




**ရန်ပိုင်** ။ ။ 'ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ်'။ နန်းတော်ရှေ့ဆရာတင် ရေးသားခဲ့သော ဇာတိနွယ်(လက်ရည်တစ်ပြင်တည်း) သီချင်းထဲက စာသားပါအရ ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း၊ စည်းလုံးခြင်း စတဲ့ အနက်အဓိပ္ပာယ်တွေဟာ ရွေးကောက်ပွဲတွေနီးနီးလာရင် ပြောင်းပြန်အချိုးကျလို့စိတ်ဝမ်းကပိုပိုကွဲလာသလား မှတ်ပါတယ်။ လတ်တလော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ပြည်နယ်များ၊ တိုင်းရင်းသားပါတီများအပေါ် မူဝါဒ၊ သဘောထားနဲ့ပတ်သက်ပြီး ဝေဖန်သံ၊ ကန့်ကွက်သံ၊ ထောက်ခံသံ စတဲ့ အကွဲကွဲအပြားပြား အယူအဆတွေအောက်မှာ ကနေ့ ကျွန်တော့်အထင် ဟစ်ဖြစ်နေတဲ့ အကြောင်းအရာတစ်ခုလို့ ထင်ပါတယ်။

**ရန်နိုင်** ။ ။ဟုတ်ပါတယ်။ တိုင်းရင်းသားဒေသတွေမှာ အန်အယ်ဒီပါတီကို မဲမပေးကြဖို့အထိ လှုံ့ဆော်နေတာတွေကိုပါ တွေ့မြင်နေရတယ်။ တကယ့်တိုင်းရင်းသားပါတီတွေကိုပဲ နိုင်စေချင်တဲ့ဆန္ဒလား၊ အလံရှူးတွေလားဆိုတာတော့ ဆုံးဖြတ်ရခက်ပါတယ်။ ကိုရန်ပိုင်ပြောသလို ရွေးကောက်ပွဲရာသီရောက်လာရင် ဖြစ်လေ့ဖြစ်ထ ရှိတတ်တာတွေပါ။ ကျွန်တော် ဖတ်လိုက်မိတဲ့ ဖေ့စ်ဘွတ်ခ်အသုံးပြုသူ ကိုအောင်ဇင်လတ်ဆိုသူက သူ့အကောင့်မှာ သူ့ရဲ့ကိုယ်ပိုင်အမြင်တစ်ခုကို ရေးသားထားတာနဲ့ပတ်သက်ပြီး ပြန်လည်လို့ မျှဝေချင်ပါတယ်။ သူကိုယ်တိုင်ကလည်း လွတ်လပ်စွာသဘောကွဲလွဲနိုင်ပါတယ်ဆိုပြီး ရေးခဲ့တာပါ။

မိုးထဲရေထဲမှာ ကျောချင်းကပ်ပြီး အတူလက်တွဲခဲ့ကြတဲ့ တိုင်းရင်းသားတွေနဲ့ ၈၈ ရဲဘော်ဟောင်းတွေအပေါ် ကျင့်သုံးနေတဲ့ လက်ရှိ NLD ရဲ့ပေါ်လစီနဲ့ပတ်သက်ပြီး ဝေဖန်သံ အတော်ညံလာပါတယ်။

စောစောပိုင်းကာလတွေကတည်းက အသံတွေထွက်ခဲ့တာဆိုပေမယ့် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှုတွေ လုပ်လာကြတဲ့ အခုလိုရွေးကောက်ပွဲနီးလာချိန်မှာ ပွတ်တိုက်မှုများပြီး ဝေဖန်သံတွေ ပိုညံလာပါတယ်။ တိုင်းရင်းသားတွေအပါအဝင် ဒီမိုကရေစီဘက်တော်သားတွေနဲ့တောင် NLD က ညီညွတ်ရေး မထူထောင်နိုင်ဘူးဆိုရင် NLD ဟာ တိုင်းပြည်ညီညွတ်ရေးကို ဘယ်လိုထူထောင်မလဲဆိုတဲ့ ဝေဖန်မှုမျိုးပေါ့။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်က ဒီလို -

သမိုင်းမှာ ကျွန်တော်သိခဲ့တဲ့ တပ်ပေါင်းစုကြီး ၃ ခု ရှိခဲ့ပါတယ်။

- ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝင်ရိုးတန်းတပ်တွေကို ရင်ဆိုင်ဖို့ ဖွဲ့စည်းခဲ့တဲ့ လက်ဝဲ လက်ယာ လူမျိုးစုံ ဝါဒစုံ မဟာမိတ်တပ်ပေါင်းစု၊

- ဖက်ဆစ်ဂျပန်ကို ရင်ဆိုင်ဖို့ ဖွဲ့စည်းခဲ့တဲ့ ကူမင်တန်နဲ့ ကွန်မြူနစ် တရုတ်တပ်ပေါင်းစု၊

- ဖက်ဆစ်ဂျပန်နဲ့ ဗြိတိသျှကိုရင်ဆိုင်ခဲ့တဲ့ လက်ဝဲ၊ လက်ယာ လူမျိုးစုံ၊ ဝါဒစုံ ဖဆပလတပ်ပေါင်းစု ဆိုပြီးတော့ပါ။

ဒီတပ်ပေါင်းစု ၃ ခုစလုံး စလယ်ဝင်ဖင်မမြဲခင် ကွဲကြပြဲကြပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်နွယ်နဲ့တစ်နွယ် ခါးခါးသက်သက် တိုက်ခိုက်သတ်ဖြတ်တဲ့အထိ ဖြစ်ခဲ့ကြရာကနေ ကမ္ဘာမှာရော၊ တရုတ်မှာရော၊ မြန်မာမှာပါ ဒဏ်ရာမကျက်နိုင် အခုအချိန်အထိ သွေးထွက်နေဆဲပါပဲ။ ဘာလို့ ဒီလိုဖြစ်ခဲ့ရသလဲဆိုတော့ ညီညွတ်ရေးဆိုတဲ့ ခေါင်းစီးတပ်ခဲ့ကြပေမဲ့ အမှန်တကယ်က မညီညွတ်ကြလို့ပါ။ မတူညီတဲ့အယူအဆ၊ မတူညီတဲ့အသိ၊ မတူညီတဲ့ ပန်းတိုင်နဲ့ မတူညီသူတွေ တစ်ခဏတာတူညီမှုအတွက် ပေါင်းစုကြတာ ဒီအပေါင်းစုက ဘယ်လိုကြာကြာ တည်မြဲနိုင်ပါ့မလဲလေ။

ကူမင်တန်နဲ့ ကွန်မြူနစ်တွေ တရုတ်ပြည်သူတွေ လိုလားလို့ ဂျပန်ကို တိုက်ဖို့ပေါင်းကြမယ်ဆိုတော့ ကူမင်တန်က မင်းတို့တစ်ဦးချင်းကိုပဲ လက်ခံမယ်နော်၊ ပါတီလိုက်လာပေါင်းတာ လက်မခံဘူးဆိုပြီး ပြောတယ်၊ ဒါကလည်း သဘာဝကျတယ်လေ၊ အဖွဲ့ထဲမှာ သီးခြားအစုအဖွဲ့လုပ်ပြီး လှေကြီးပေါ် လှေငယ်ဆောက်နေမှာကို ဘယ်လက်ခံနိုင်မလဲ။ ဒါနဲ့ကွဲကြရော။

ဖဆပလက ဒီထက်ပိုဆိုးတယ်။ စဖွဲ့ကတည်းက ကွန်မြူနစ်ရယ်၊ ဆိုရှယ်လစ်အမည်တပ်ထားတဲ့ အမျိုးသားရေးသမားတွေရယ်၊ စစ်တပ်ရယ် မတူညီတဲ့အဖွဲ့ ၃ ဖွဲ့ ပေါင်းထားကြတာ။ ဒီကြားထဲ ဦးနုတို့လို **လောကီရနိုးနိုး၊ လောကုတ္တရာ ရနိုးနိုး** ဒွိဟများနေသူတွေက ရှိသေး။ ဒီတော့ကွဲတာပေါ့၊ ကွဲတာမှ တိုင်းပြည်ပါ မွဲပြာကျအောင်ကွဲတာ။ တပ်ပေါင်းမစုခဲ့၊ ဖဆ,မ,ပလခဲ့ရင် တိုင်းပြည်ရဲ့သမိုင်းနဲ့ ပုံစံပြောင်းခဲ့လိမ့်မယ်ထင်ရဲ့။ ကျွန်တော်တို့ဘဝတစ်လျှောက် ညီညွတ်ကြပါ၊ ညီညွတ်ကြပါလို့ တောက်လျှောက်သွန်သင်ခြင်းခံခဲ့ရပါတယ် ဒါပေမဲ့ တကယ့်လက်တွေ့က ဘယ်တုန်းကမှ မညီညွတ်ခဲ့ကြပါဘူး။ မညီညွတ်တဲ့အတွက် ကျွန်တော်တို့ ဝမ်းနည်းကြ အားမလိုအားမရ ဖြစ်ကြရတယ်။

အမှန်က မတူညီတဲ့သူတွေ မညီညွတ်ကြတာ သဘာဝကျပါတယ်။ မညီညွတ်တာ အပြစ်လည်းမဟုတ်ပါဘူး။ အရေးကြီးတာက တရားမျှတမှုပါ။ မျှတတဲ့အခြေအနေအောက်မှာ မတူကွဲပြားတာ အလှတရားပါ။ ဆန့်ကျင်ဘက်တရားတို့ရဲ့ ဒွန်တွဲအားပြိုင်မှု ဆိုတာရှိတယ်မဟုတ်လား။ မညီညွတ်မှုကနေ ထွက်လာတဲ့အင်အားကို ကျွန်တော်တို့ အသုံးမချတတ်လို့သာ အခုထိ ဒုက္ခပင်လယ်ဝေနေကြတာပါ။ တရားသာမျှတပါစေ ကွဲပြားမှုက ကြောက်စရာမဟုတ်ဘူး။

**မိုးထဲရေထဲမှာ ကျောချင်းကပ်ပြီး အတူလက်တွဲခဲ့ကြတဲ့ တိုင်းရင်း သားတွေနဲ့ ၈၈ ရဲဘော်ဟောင်းတွေအပေါ် ကျင့်သုံးနေတဲ့ လက်ရှိ NLD ရဲ့ပေါ်လစီနဲ့ ပတ်သက်ပြီး ဝေဖန်သံ အတော်ညံလာပါတယ်။**

**စောစောပိုင်းကာလတွေကတည်းက အသံတွေထွက်ခဲ့တာဆိုပေမယ့် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှုတွေ လုပ်လာကြတဲ့ အခုလိုရွေးကောက်ပွဲနီးလာချိန်မှာ ပွတ်တိုက်မှုများပြီး ဝေဖန်သံတွေ ပိုညံလာပါတယ်။ တိုင်းရင်းသားတွေအပါအဝင် ဒီမိုကရေစီဘက်တော်သားတွေနဲ့တောင် NLD က ညီညွတ်ရေး မထူထောင်နိုင်ဘူးဆိုရင် NLD ဟာ တိုင်းပြည်ညီညွတ်ရေးကို ဘယ်လိုထူထောင်မလဲဆိုတဲ့ ဝေဖန်မှုမျိုးပေါ့။**

၇၅ ပေးထားချက်မှာ ၅၁ မှ အောင်မယ့်စာမေးပွဲအတွက် ကိုယ်နဲ့ မတူညီလို့ပါတီကွဲနေသူအတွက် ရှောင်ဖြေပေးရလောက်အောင် ဘယ်နိုင်ငံရေးသမားမှ စွန့်စားမှာမဟုတ်ပါဘူးလေ။

တိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ဒေသမှာ NLD ဝင်ပြိုင်လို့ မကျေမနပ်ဖြစ်စရာ မရှိသင့်၊ မတူညီလို့ ကွဲပြားတဲ့ပါတီထောင်ခဲ့ပြီးပြီပဲ၊ တရားမျှတစွာနဲ့ ကိုယ့်အင်အား ကိုယ်တည်ဆောက်ဖို့ပဲရှိတယ်။ ၈၈ အဖွဲ့တွေလည်း ထိုနည်းတူပဲ Handicap တောင်းတာ ကိုယ်ညံ့လို့ အလံဖြူပြတဲ့သဘော၊ ကိုယ့်အင်အားကို ကိုယ်မယုံကြည်ရင် နိုင်ငံရေးပါတီခွဲမထောင်သင့်လို့ မြင်မိတာပဲ။

တစ်ခုတော့ရှိတယ် NLD အနေနဲ့ မိမိတို့ပါတီဟာ ဗမာတစ်မျိုးသားတည်းကိုသာ ကိုယ်စားပြုတာမျိုးမဟုတ်ဘူးဆိုရင် တိုင်းရင်းသားဒေသမှာ ဆိုင်းဘုတ်ကအစ လက်ကမ်းစာစောင်အဆုံး တိုင်းရင်းသားဘာသာစကား၊ စာ စတာတွေကို သုံးသင့်လို့ထင်တယ်။

ရှမ်းမြောက်က ကြံ့ခိုင်ရေးကိုယ်စားလှယ်လောင်းတွေ တရုတ်စာနဲ့ ကြော်ငြာတာကို ဝေဖန်ရှုတ်ချကြတယ်။ ကျွန်တော်ကတော့ ဒါမှန်ကန်တဲ့ မဲဆွယ်စည်းရုံးမှုလို့ပဲ မြင်တယ်။ ဗမာစာ၊ ဗမာစကား အသုံးနည်းတဲ့ဒေသမှာ ဒေသခံတွေ အသုံးပြုတဲ့စာနဲ့ စကားကို အသုံးပြုတာ အဲဒီလူမျိုးထဲက သင့်တော်သူကို ကိုယ်စားလှယ်ရွေးချယ်တာဟာ လိမ္မာပါးနပ်တဲ့ နိုင်ငံရေးအရွေ့ပါ။ ကျွန်တော့် တစ်ကိုယ်ရေ အမြင်သက်သက်ပါ။ ကွဲပြားနိုင်ပါတယ် ဟူ၍ သူ့အမြင်ကို သုံးသပ်ရေးသားခဲ့ပါတယ်။

**ရန်ပိုင်** ။ ။စစ်တပ်အုပ်ချုပ်သော စစ်အစိုးရကာလများတွင် အများသဘောညီသယောင် ထင်မှတ်ရပါသော်လည်း ရွေးကောက်ပွဲဟူသော အခြေအနေတစ်ရပ်နှင့် ကြုံဆုံလာရသောအခါ အန်အယ်ဒီအနေဖြင့် တိုင်းရင်းသားပါတီများအပေါ် သဘောထားဟူသောအခြေအနေနှင့် စတင်ကြုံတွေ့လာရတာ အမှန်ပါပဲ။ ဒီလိုဖြစ်လာစေဖို့ နောက်ခံအကြောင်းအရာတွေကလည်း ရှိခဲ့တယ်မဟုတ်လား။

အထူးသဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဦးဆောင်အစိုးရဖွဲ့နိုင်သည်အထိ တိုင်းရင်းသားမဲဆန္ဒနယ်မြေအချို့တွင်ပါ အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအခြေအနေက ယခုကဲ့သို့ တွန်းပို့ခဲ့ခြင်းဖြစ်မည်လို့ ထင်ပါတယ်။ ထို့ကြောင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်မဲဆန္ဒနယ်မြေများ၊ တိုင်းရင်းသားပါတီများနှင့် တိုင်းရင်းသားလူမျိုးစုများအပေါ် အန်အယ်ဒီ၏ သဘောထားဟူသော အတွေးအခေါ်က ပိုလို့ဆူပွက်လာသည်။ ဤအခြေခံအပေါ် အချို့က ရိုးသားစွာ တိုင်းရင်းသားရေးရာနှင့်ပတ်သက်ပြီး ဝေဖန်ကြသည်လည်း ရှိသည်။ အချို့က တိုင်းရင်းသားအရေးရှေးရှုသယောင်နှင့် နိုင်ငံရေးအရ ဤအချက်ကို အခွင့်ကောင်းယူရန် ဝေဖန်ကြသည်လည်းရှိသည်။ အဘယ်ကြောင့်ဆိုရသော် နိုင်ငံလုံးသဘောဆောင်နိုင်သည့်ပါတီမှာ လက်ရှိတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တစ်ခုသာ လျှင်ရှိသောကြောင့်ဖြစ်သည်။ အကယ်၍များ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်နိုင်မှု အခြေအနေနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့မည်ဆိုက ယခုလို ဝေဖန်သုံးသပ်နေမှုများလည်း ရှိနေမည်မဟုတ်ဟု တွေးဆမိသည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲဟူသည်မှာ လူထုက တရားသူကြီးနေရာက ဆုံးဖြတ်ခြင်းသာဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ မည်သူဖြစ်စေ၊ မည်သည့်ပါတီအဖွဲ့အစည်းဖြစ်စေ ပြည်သူက ဆုံးဖြတ်ပေးသည့်ရလဒ်ကို လိုက်နာရမည်ဖြစ်ပါကြောင်း။

❍

**ချမ်းမြေ့သာယာရှိကြပါစေ**

**အဂ္ဂ**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# လူသတ်မှုကျူးလွန်သူကို သေနတ်နှင့် ပစ်ခတ်ဖမ်းဆီးရာမှ တရားခံ သေဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ညီမနှင့် တူမဖြစ်သူကို ရိုက်နှက်သော ယောက်ဖအား သံတူးရွင်းဖြင့် ရိုက်သတ်သူကို သေနတ်နှင့် ပစ်ခတ်ဖမ်းဆီးရာမှ ပြစ်မှုကျူးလွန်သူမှာ ကျည်မှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လူသတ်မှုကျူးလွန်ခဲ့သူ ဇော်ဇော် (ခ)ဝေလွင် (၄၂)နှစ်မှာ ၎င်း၏ ညီမဖြစ်သူနှင့် တူမဖြစ်သူကိုရိုက်နှက်ခဲ့သော ယောက်ဖတော်စပ်သူ ထွန်းထွန်းကို သံတူးရွင်းဖြင့် ရိုက်သတ်ပြီး ရုပ်အလောင်းကိုဆလာအိတ်အတွင်းထည့်ကာ ရွာအရှေ့ချောင်းကမ်းစပ်တွင် စွန့်ပစ်ခဲ့သည်။

ယင်းအမှုအား ငသိုင်းချောင်းနယ်မြေရဲစခန်းက (ပ)၂၃၁/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်၍ ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူ ဇော်ဇော် (ခ) ဝေလွင်ကို လိုက်လံရှာဖွေဖမ်းဆီးရာ စက်တင်ဘာလ ၁၆ ရက်တွင် ရွာသစ်ကျေးရွာ၌ တွေ့ရှိခဲ့ပြီး ၎င်းက အသာတကြည်အဖမ်းမခံဘဲ ဓားကိုင် ရန်ရှာသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။

ယင်းသို့ ပစ်ခတ်ဖမ်းဆီးခဲ့သောကြောင့် ဇော်ဇော် (ခ) ဝေလွင်မှာ ကျည်မှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ၎င်းမှာ ၂၀၀၉ ခုနှစ် မတ်လက ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့တွင် အမျိုးသမီးတစ်ဦးကို ပေါက်တူးဖြင့် ခုတ်သတ်ကာ ဆိုင်ကယ်လုယက်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံရသူဖြစ်ပြီး ယခုနှစ် ဧပြီက နိုင်ငံတော်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှ လွတ်မြောက်လာသူဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ❍ S-03


Photo- ရဲတပ်ဖွဲ့

အောင်ကျော် နှင့် သက်သေခံပစ္စည်းများ

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တွင် စက်တင်ဘာလ ၁၆ ရက်က အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိထားသော လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ ကော့မှူး- လှိုင်သာယာသွား ကားဂိတ်အနီးတွင် နေထိုင်သော အောင်ကျော် (ခ) ပါဂျဲ(၄၇)နှစ်၏ နေအိမ်ကို အခင်းဖြစ်နေ့ ညနေပိုင်းက ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့သည်။

ယင်းသို့ ရှာဖွေစစ်ဆေးရာ နေအိမ်အတွင်းရှိ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ပြားနှင့် ဆေးခြောက်အလေးချိန် ၆၀ ဂရမ်တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းကို ဖမ်းဆီးပြီး သောင်ကြီးနယ်မြေရဲစခန်းက မူး/စိတ် ပုဒ်မဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ❍ S-03

# ပြင်ဦးလွင်တွင် အနှိပ်ခန်းဖွင့်လှစ်သူများကို ဖမ်းဆီး

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် Covid-19 ရောဂါကာလအတွင်း ဟိုတယ်တွင် အနှိပ်ခန်း ဖွင့်လှစ်သူများကို ဖမ်းဆီးအရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အနှိပ်ခန်းဖွင့်လှစ်သည့် ဟိုတယ်မှာ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ချယ်ရီလမ်းတွင် တည်ရှိပြီး တရားမဝင်အနှိပ်ခန်းဖွင့်လှစ်ထားကြောင်း သတင်းရရှိသဖြင့် စက်တင်ဘာလ ၁၆ ရက် ညပိုင်းက ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာ အနှိပ်ခန်းတွင် လုပ်ကိုင်နေသော အမျိုးသမီး ခြောက်ဦးနှင့် ဟိုတယ်ဝန်ထမ်း အမျိုးသားတစ်ဦးတို့ကို အနှိပ်ခန်းဖွင့်လှစ်ရာတွင် အသုံးပြုသောပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိသောကြောင့် ပြင်ဦးလွင် မြို့မ ရဲစခန်းက (ပ)၃၄၁/၂၀၂၀၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍ S-03

# ဒဂုံတောင်တွင် လက်ကိုင်ဖုန်းလုယက်သည့် မိန်းမလျာနှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် လက်ကိုင်ဖုန်း လုယက်သည့် မိန်းမလျာ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူနှစ်ဦးမှာ လက်ကိုင်ဖုန်း လုယက်မှုများ သတင်းရရှိထားသူ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၇) ရပ်ကွက်၊ အမှတ်(၂) လမ်းမကြီးရှိ ဦးထွန်းမြတ် မှတ်တိုင်အနီးတွင် တွေ့ရှိသော နေခ (ခ) ချစ်ရင်ထူး(၁၉)နှစ်ကို မသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးမေးမြန်းခဲ့သည်။

၎င်းမှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ၁၀၅ ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး ကိုင်ဆောင်ထားသည့် Oppo အမျိုးအစား လက်ကိုင်ဖုန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် စစ်ဆေးရာ အမှတ် (၂ )လမ်းပေါ်တွင် ရပ်ထားသည့် Light Truck အမျိုးအစား အဖြူရောင်ကားပေါ်မှ လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းသို့ လုယူရာတွင် ၎င်းအပြင် ချောချော (ခ) ဇော်မင်းထွန်း ပါဝင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထပ်မံဖမ်းဆီးပြီး သက်သေခံပစ္စည်းများကို သိမ်းဆည်းကာ အခြားလုယက်မှုများ ရှိမရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍ S-03

သတင်းကိစ္စ ဆက်သွယ်လိုပါက ...

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



## မွေးနေ့မှာ အလှူလုပ်ခဲ့တဲ့ လွင်မိုး

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

သရုပ်ဆောင်လွင်မိုးက စက်တင်ဘာလ ၁၇ ရက်နေ့မှာ ပြည့်မြောက်တဲ့ အသက် ၅၀ နှစ်ပြည့်မွေးနေ့အတွက် နေရာအချို့မှာ အလှူလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

"ဒီနေ့ ၅၀ ပြည့်ပါတယ် ရွှေရတုပေါ့။ We Love Yangon နဲ့ နေရာတချို့ အလှူလုပ်ဖြစ်ခဲ့ပါတယ်" လို့ လွင်မိုးက ဆိုပါတယ်။

အခုလို ကိုဗစ်ကာလမှာ အားလုံးဘေးရန်ကင်းပြီး ပျော်ရွှင်စရာကောင်းတဲ့ ပုံမှန်ဘဝကို အမြန်ဆုံးပြန်ရောက်ပါစေဆိုတဲ့ ဆုတစ်ခုသာ ပေးပါလို့လည်း လွင်မိုးက တောင်းဆိုထားတာပဲ ဖြစ်ပါတယ်။

❍ နွယ်နီ

## မြင့်မြတ်တို့မိသားစုက အခြေခံအိမ်ထောင်စုများကို စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

သရုပ်ဆောင်မြင့်မြတ်တို့မိသားစုက မရမ်းကုန်းမြို့နယ်မှာရှိတဲ့ အခြေခံအိမ်ထောင်စုတွေကို စားသောက်ကုန်တွေ လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

မရမ်းကုန်းမြို့နယ်၊ ၁၀ ရပ်ကွက်မှာရှိတဲ့ အခြေခံလူတွေကို ဆန်အိတ်နဲ့ ပဲဆီတွေ လှူဒါန်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ သရုပ်ဆောင်မြင့်မြတ်က ချစ်စရာကောင်းတဲ့မိသားစုတစ်ခုကို ပိုင်ဆိုင်ထားတာဖြစ်ပြီးတော့ ဂျင်းကောင်ကာရိုက်တာနဲ့ ပရိသတ်တွေရဲ့အားပေးမှုကို အခိုင်အမာရရှိလာတာလည်းဖြစ်ပါတယ်။ ❍ နွယ်နီ



## ဟန်တီ နှင့် တွေ့ဆုံခြင်း

## "သူငယ်ချင်းနှစ်ယောက် သွားတာဆိုတော့ စားချင်တာတွေ စားခဲ့တယ်။ နေချင်သလိုတွေ နေခဲ့တယ်"



**ဟန်တီနဲ့ တွေ့ဆုံ၍ ကလောဘက်ကို ခရီးသွားခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ကိုဗစ်ကာလမှာ ခရီးသွားခဲ့တဲ့ ခံစားချက်ကို တွေ့ဆုံမေးမြန်းထားတာပဲ ဖြစ်ပါတယ်။**

နွယ်နီ

**Voice : ခရီးသွားတာလေးတွေ တွေ့ရတယ်၊ သွားဖြစ်တဲ့အကြောင်းတွေ ပြောပြပေးပါဦး။**

**HT :** အစကတော့ ဒီအတိုင်းပဲ စကားပြောနေရင်းနဲ့ ငါတို့တွေ ခရီးသွားရအောင် ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောနေရင်းနဲ့ အမေနှစ်ယောက်က ယွန်းယွန်းအမေရယ်၊ ဟန်တီအမေရယ် တကယ် စီစဉ်လိုက်တာ။ အဲဒါဆို ကလောသွားကြမယ်ပေါ့။ ကလောမှာ ယွန်းအဖေလည်းရှိတယ်။ လိုက်ပို့ပေးမယ့်သူတွေလည်းရှိတယ်။ စားစရာ၊ သောက်စရာတွလည်း မပူရဘူးပေါ့။ ကားနဲ့တက်သွားရုံပဲဆိုတော့။ သွားမယ်ဟာဆိုပြီး မျက်လုံးစုံမှိတ်ပြီး အကုန်ဖျက်သွားတာ။

**Voice : ခရီးမှာရော ဘယ်လိုတွေ ခံစားခဲ့ရလဲ။**

**HT :** အရမ်းပျော်ဖို့ကောင်းတယ်။ သူငယ်ချင်းနှစ်ယောက် သွားတာဆိုတော့ စားချင်တာတွေ စားခဲ့တယ်။ နေချင်သလိုတွေ နေခဲ့တယ်။ ပရိသတ်တွေနဲ့လည်း အများကြီးတွေ့ခဲ့တယ်။ နယ်က ပရိသတ်တွေ အရမ်းချစ်ဖို့ကောင်းတယ်။ တွေ့ပြီဆိုတာနဲ့ အော်ပြီးခေါ်ကြတာ။

**Voice : ကိုဗစ်ကာလမှာ ခရီးသွားရတဲ့ခံစားချက်ကို ပြောပြပေးပါဦး။**

**HT :** ဘယ်သွားသွား Mask အုပ်သွားပေမယ့် ဓာတ်ပုံတွေရိုက်ရင် Mask ချွတ်ပြီးရိုက်တာ။ Mask တပ်ထားရင် ကိုယ်က ဘယ်သူမှန်းတောင်သိမှာ မဟုတ်ဘူးလေ။ တစ်နေရာသွားပြီဆိုရင် Mask တပ်တယ်။ တပ်လိုက်၊ ချွတ်လိုက်ပေါ့။ နယ်ဘက်မှာကျတော့ လူလည်း အရမ်းမအုံတော့ အရမ်းဂရုစိုက်စရာမလိုဘူး။ ဒါပေမဲ့ Handgel တွေကိုတော့ ကားပေါ်မှာ အပြည့်တင်သွားတယ်။ ချက်ချင်းနေရာတစ်ခုသွားပြီးရင် အင်္ကျီတွေလဲတယ်။ ဂရုစိုက်တာလေးတွေတော့ရှိပေမယ့် အရင်လိုတော့ လွတ်လွတ်လပ်လပ် သွားလို့မရတော့ဘူးပေါ့။

**Voice : ဘယ်လိုအမှတ်တရတွေရော ရှိခဲ့လဲ။**

**HT :** အမှတ်တရက ဘာလဲဆိုတော့ မနက်၊ နေ့လယ်၊ ညစားဖို့ ဆိုင်တွေရှာရတယ်။ ဆိုင်တွေရှာတဲ့အခါမှာ ဆိုင်တိုင်းက လူပြည့်နေတယ်။ ဆိုင်တိုင်းမှာ ထိုင်စရာနေရာမရှိအောင် လူပြည့်နေတာ။ အဲဒါ အမှတ်တရပဲ။ ဘယ်သွားသွား သွားသမျှဆိုင်တိုင်းကို လူပြည့်နေတာ။ ကလောမှာ လူတွေ စုနေကြတယ်။

**Voice : နောက်ထပ် ဘယ်ခရီးတွေ သွားချင်သေးလဲ။**

**HT :** အခု ခရီးလေးတွေ သွားချင်တယ်။ ပုဂံလည်းသွားချင်တယ်။ သွားဖို့လည်း စီစဉ်နေတယ်။ ပြီးရင် တာချီလိတ်ဘက်လည်း သွားဖို့ရှိတယ်။

❍

နွယ်နီ

# SPORT



# ဧရာဝတီတိုက်စစ်မှူး Success ဂိုးသွင်းအများဆုံးစာရင်းထိပ်ဆုံး၌ ဆက်လက်ရပ်တည်

**ရန်ကုန်၊ အောက်တိုဘာ ၁၇**

ဧရာဝတီတိုက်စစ်မှူး Success သည် ပြီးခဲ့သည့် မြန်မာလိဂ် ပွဲစဉ်(၁၇) တွင် စစ်ကိုင်းယူနိုက်တက်အသင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဂိုးသွင်းအများဆုံးစာရင်း၌ သွင်းဂိုး ၁၄ ဂိုးဖြင့် ထိပ်ဆုံးမှ ဆက်လက်ရပ်တည်နေသည်။

ဧရာဝတီတိုက်စစ်မှူးနှင့်အပြိုင် ဟံသာဝတီယူနိုက်တက်အသင်း တိုက်စစ်မှူး အီမီကာနှင့် ဒေါနယ်ဘစ်ဆာတို့မှာလည်း ရခိုင်ယူနိုက်တက်အသင်းကို အနိုင်ရရှိသည့်ပွဲတွင် သွင်းဂိုးတစ်ဂိုးစီ ထပ်မံရရှိခဲ့ခြင်းကြောင့် သွင်းဂိုး ၁၂ ဂိုးစီဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။

မြန်မာလိဂ် ပွဲစဉ် (၁၇) တွင် ဟံသာဝတီတိုက်စစ်မှူး အီမီကာသည် မြန်မာလိဂ် သွင်းဂိုး ၂၀၀ ပြည့် ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ဂိုးသွင်း အများဆုံးစာရင်း၌ ပြည်ပကစားသမားများသာ ဦးဆောင်နေပြီး စစ်ကိုင်းတိုက်စစ်မှူး ပက်ထရစ်နှင့် ရန်ကုန်တိုက်စစ်မှူး အီမီကာတို့က သွင်းဂိုး ခုနစ်ဂိုးစီဖြင့် ရပ်တည်နေသည်။

ပြည်တွင်းကစားသမားများအနက် ရတနာပုံကစားသမား အောင်သူက သွင်းဂိုး ခြောက်ဂိုးဖြင့် ပြည်ပကစားသမားများနောက်တွင် ရပ်တည်နေသည်။ ❍

**ချစ်ဝိုင်း**

# ဘာစီလိုနာတွင်ဆက်နေခွင့်အတွက် ဆွာရက်ဇ်ကို ရော်နယ်ကိုးမန်း လမ်းဖွင့်ပေးလိုက်

**ဘာစီလိုနာ၊ စက်တင်ဘာ ၁၇**

ဘာစီလိုနာမှထွက်ခွာရန်ရှိနေသည့် တိုက်စစ်မှူးဆွာရက်ဇ်ကို နည်းပြရော်နယ်ကိုးမန်းက နူးကမ့်တွင် ဆက်နေခွင့်အတွက် လမ်းဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း Football Espana ကဖော်ပြခဲ့သည်။

ဂျူဗင်တပ်နှင့်အပြောင်းအရွှေ့ပျက်ပြယ်ထားသည့် ဆွာရက်ဇ်ကို အသင်းဖော်မက်ဆီက ဘာစီလိုနာတွင် ဆက်နေရန် ဆွဲဆောင်ခဲ့သလို ရော်နယ်ကိုးမန်းကိုယ်တိုင်ကလည်း ထောက်ခံလိုက်ခြင်းဖြစ်သည်။

"ဆွာရက်ဇ်နဲ့စကားတွေ ပြောနေပါတယ်။ သူထွက်ခွာဖြစ်မလား ဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်နေတာပါ။ ကျွန်တော်တို့ဘက်က စာချုပ်တွေကို လေးစားမှုရှိသလို တကယ်လို့အသင်းမှာ ဆက်နေမယ်ဆိုရင် ကျွန်တော်တို့အသင်းလူစာရင်းထဲက တစ်ယောက်ဖြစ်လိမ့်မယ်လို့ ပြောခဲ့ပြီးပါပြီ" ဟု ရော်နယ်ကိုးမန်းက ဆိုခဲ့သည်။

ဘာစီလိုနာအသင်းသည် ဆွာရက်ဇ်နေရာတွင် ရေရှည်အစားထိုးရန်အတွက် အင်တာမီလန်တိုက်စစ်မှူးလော်တာရိုမာတီနက်ဇ်ကို ချဉ်းကပ်ခဲ့သော်လည်း ကိုရိုနာ ကပ်ရောဂါဖြစ်ပွားခဲ့ပြီးနောက် အသင်းဝင်ငွေ ထိခိုက်ခဲ့သလို ယခုနွေ ဈေးကွက်အတွင်း ခေါ်ယူနိုင်ရန်အခြေအနေ မရှိတော့ပေ။ ❍

**ငြိမ်းပြည့်**



# စကူဒက်တိုဖလားကို ဂျူဗင်တပ်အသင်း အလွယ်တကူရရှိလိမ့်မည်မဟုတ်ဟု မူရီရယ်သတိပေး

**အတ္တလန္တာ၊ စက်တင်ဘာ ၁၇**



အတ္တလန္တာတိုက်စစ်မှူး မူရီရယ်က ဂျူဗင်တပ်အသင်းအနေနှင့် ၂၀၂၀-၂၁ ဘောလုံးရာသီတွင် အီတလီစီးရီးအေ စကူဒက်တိုဖလားကို အလွယ်တကူ ရရှိနိုင်လိမ့်မည်မဟုတ်ကြောင်း သတိပေးပြောဆိုခဲ့သည်ဟု Football Italia က ဖော်ပြထားသည်။

အတ္တလန္တာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ရောက်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သလို မူရီရယ်အနေနှင့်လည်း စီးရီးအေ ၃၄ ပွဲတွင် ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

"အင်တာမီလန်က တောင့်တင်းတဲ့ အစုအဖွဲ့ရှိသလို အေစီမီလန်ကလည်း စိတ်အားထက်သန်မှုနဲ့ အကောင်းဆုံးလုပ်ပြဖို့ ဆန္ဒရှိနေပါတယ်။ ရိုးမား၊ လာဇီယိုနဲ့ နာပိုလီတို့ကိုလည်း ထိပ်ဆုံးအဆင့်ကနေ ဖယ်ထုတ်ထားလို့မရတဲ့အသင်းတွေပါ။ ပြီးတော့ ကျွန်တော်တို့လည်း ရှိနေပါတယ်။ လုပတဲ့ ချန်ပီယံလုပွဲဖြစ်လာဖို့ရှိသလို ဂျူဗင်တပ်အသင်း အနေနဲ့ အလွယ်တကူအနိုင်ရမယ် မထင်ပါဘူး" ဟု မူရီရယ်က သတိပေးခဲ့သည်။

အတ္တလန္တာအသင်းသည် စီးရီးအေ ရာသီအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် တိုရီနိုနှင့် စတင်ရင်ဆိုင်ရမည်ဖြစ်သည်။ ❍

**ငြိမ်းပြည့်**

# ယူရို ၂၀၂၀ ပြိုင်ပွဲတွင် အနိုင်ရရန် ရည်ရွယ်ထားဟု အီတလီနည်းပြ မန်စီနီ ဖွင့်ဟ

**အီတလီ၊ စက်တင်ဘာ ၁၇**

အီတလီလက်ရွေးစင်အသင်းနည်းပြ မန်စီနီက ယူရို ၂၀၂၀ ပြိုင်ပွဲတွင် အနိုင်ရရန် ရည်မှန်းထားသည်ဟု ဖွင့်ဟလိုက်ကြောင်း Football Italia ကဖော်ပြခဲ့သည်။ အီတလီအသင်းနောက်ဆုံး ကစားခဲ့သည့် ပွဲစဉ်တွင် နယ်သာလန်ကိုအနိုင်ရရှိခဲ့ပြီး အဆိုပါနေးရှင်းလိဂ်ပွဲစဉ်တွင် ပုံမှန်ထက်ပိုသည့် ခြေစွမ်းပြသနိုင်ခဲ့သည်။

ယူရိုခြေစစ်ပွဲကာလအတွင်းအထင်ကြီးစရာခြေစွမ်း ပြသထားနိုင်ခြင်းကြောင့် ချန်ပီယံဆုကို ပိုင်ဆိုင်ရန်အတွက်ရည်ရွယ်သင့်ကြောင်း မန်စီနီကဆိုခဲ့သည်။

"ကျွန်တော်တို့ အနိုင်အတွက်သွားမှာ ဖြစ်ပါတယ်။ အီတလီဟာ ရေပန်းစားတဲ့ အသင်းတွေထဲ မပါရင်တောင် အမြတ်မိမ်း အနိုင်ရဖို့အတွက် ကြိုးစားသင့်ပါတယ်။ သမိုင်းကြောင်းနဲ့ယှဉ်ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ အမြင့်ဆုံးရလဒ်ကို ရည်ရွယ်လို့ ရနိုင်ပါတယ်"ဟု မန်စီနီက ပြောဆိုခဲ့သည်။

ဆက်လက်ပြီးမန်စီနီက နယ်သာလန်နှင့် ရင်ဆိုင်ခဲ့သည့် နေးရှင်းလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဇန်နီအိုလိုကို ယူရိုပြိုင်ပွဲအတွက် မျှော်လင့်ထားကြောင်း ဖွင့်ဟခဲ့သည်။

❍ **ငြိမ်းပြည့်**



# ရိုးမားတောင်ပံကစားသမား အန်ဒါကို အငှားခေါ်ယူရန် လက်စတာ သဘောတူညီမှုရရှိ

**လက်စတာ၊ စက်တင်ဘာ ၁၇**



လက်စတာအသင်းသည် ရိုးမားတောင်ပံကစားသမား အန်ဒါကိုအငှားဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း Dailymail ကဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ကလပ်သည် တစ်ရာသီ အငှားစာချုပ်အတွက် ရိုးမားထံသို့ ပေါင် ၂ ဒသမ ၇ သန်း ပေးချေရန်ရှိနေပြီး သက်တမ်းကုန်ဆုံးပါက ပေါင် ၂၁ ဒသမ ၉သန်းဖြင့် အပြီးသတ်ခေါ်ယူမည်ဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် တူရကီ တောင်ပံကစားသမားသည် လက်စတာအသင်းနှင့် ဆေးစစ်မှုများပြုလုပ်ရန်အတွက် အင်္ဂလန်သို့ရောက်ရှိနေပြီဖြစ်သည်။

လက်စတာနည်းပြရော်ဂျာကိုယ်တိုင်က ပြီးခဲ့သည့်ရာသီအတွင်း ရွှေဖိနပ်ဆုရရှိခဲ့သည့် ဗာဒီအပေါ် မှီခိုလွန်းနေသည့် တိုက်စစ်ကို အင်အားဖြည့်တင်းသည့်အနေဖြင့် အန်ဒါကိုခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစောပိုင်းတွင် အန်ဒါကိုနယူးကာဆယ်အသင်းက ချိတ်ဆက်ခဲ့သော်လည်း ၎င်းအနေဖြင့် တူရကီကစားဖော်ဆိုရန်ကူရှိရာ လက်စတာအသင်းသို့ ပြောင်းရွှေ့ရန်ရွေးချယ်ခဲ့သည်။

လက်စတာအသင်းသည် ချဲလ်ဆီးသို့ ပြောင်းရွှေ့ခဲ့သည့် ဘန်ချီဝဲလ်နေရာတွင် အတ္တလန္တာမှ ကက်စတန်နီကိုအစားထိုးခေါ်ယူခဲ့သလို အန်ဒါအတွက်သဘောတူညီမှုရယူနိုင်ခဲ့ပြီးနောက် စိန့်အက်တီယန်အသင်းမှ အသက် ၁၉ နှစ် အရွယ် ဗဟိုနောက်ခံလူ ဖိုဖာနာကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေသည်။

❍ **ငြိမ်းပြည့်**



# ဂါရက်ဘေးလ်ကို တစ်ရာသီအငှားဖြင့်ခေါ်ယူရန် စပါးအသင်း သဘောတူညီမှုရယူနိုင်ခဲ့

**လန်ဒန်၊ စက်တင်ဘာ ၁၇**

စပါးအသင်းသည် တောင်ပံကစားသမားဟောင်း ဂါရက်ဘေးလ်ကို ရီးရဲလ်မှ တစ်ရာသီအငှားဖြင့် ပြန်လည်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း Daily mail က ဖော်ပြခဲ့သည်။

လန်ဒန်ကလပ်သည် တစ်ရာသီအငှားစာချုပ်အတွက် ပေါင် ၁၃ သန်းကျော် အကုန်အကျခံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ဂါရက်ဘေးလ်၏ အပြောင်းအရွှေ့ကို တရားဝင်ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ညပိုင်းတွင် သဘောတူညီမှုရယူနိုင်ခဲ့သည်ဟု ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။

ဂါရက်ဘေးလ်သည်လွန်ခဲ့သည့် ၇ နှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ ဖြင့် ရီးရဲလ်သို့ရောက်ရှိခဲ့သူဖြစ်သည်။

နည်းပြမော်ရင်ညိုသည်စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗိုင်းနှင့် အကြိတ်အနယ်ဆွေးနွေးခဲ့ပြီးနောက် ဂါရက်ဘေးလ်အားခေါ်ယူခြင်းဖြင့် အသင်း၏အရှိန်ကို ဆွဲတင်ရန် ဆုံးဖြတ်ခဲ့သည်။

စပါးအသင်းသည် ဂါရက်ဘေးလ် အပြင် ရီးရဲလ်ဘယ်နောက်ခံလူ ရီဂူလွန်ကို ပေါင် ၂၇သန်း ဖြင့် ၅နှစ်စာချုပ်ချုပ်ဆိုသွားရန်ရှိနေသည်။

❍ **ငြိမ်းပြည့်**

# ဗီနာဘာချီအသင်းပစ်မှတ် ဒီယေဂိုကော်စတာကို နွေဈေးကွက်အတွင်း ရောင်းချရန် အက်သလက်တီကိုအသင်း စီစဉ်

**မက်ဒရစ်၊ စက်တင်ဘာ ၁၇**

အက်သလက်တီကိုအသင်းသည် တိုက်စစ်မှူးဒီယေဂိုကော်စတာကို ယခုနွေဈေးကွက်အတွင်း ရောင်းချရန်စီစဉ်နေကြောင်း Dailymail ကဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်အရွယ် ဒီယေဂိုကော်စတာသည် နည်းပြဆီမြွန်နီ၏အသင်းတွင် ရှန်းကန်နေရသလို ဂျာအိုဖိလစ်နှင့် မိုရာတာတို့ရှိနေခြင်းကြောင့်ပုံမှန်ပွဲထွက်ခွင့်နည်းပါးလာသူဖြစ်သည်။



၎င်းသည် အသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်ခန့်သာ ကျန်ရှိသူဖြစ်သောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အဆုံးအရှုံးခံခြင်းထက် ယခုနွေဈေးကွက်အတွင်းဖိအားပေးရောင်းချ ခံရဖွယ်ရှိနေသည်။

လက်ရှိတွင် ဒီယေဂိုကော်စတာကို ဗီနာဘာချီအသင်းက ချိတ်ဆက်နေပြီး တူရကီကလပ်၏အားကစားဒါရိုက်တာ အမ်မရီက ကမ်းလှမ်းမှုပြုလုပ်ရန်စီစဉ်နေသည်။

အမ်မရီသည် အက်သလက်တီကိုအသင်းတွင် ဒီယေဂိုကော်စတာနှင့်တွဲဖက်ကစားခဲ့ဖူးသူဖြစ်သောကြောင့် ၎င်း၏အကူအညီဖြင့် ဗီနာဘာချီအသင်းက ခေါ်ယူရန် ကြိုးစားနေခြင်းဖြစ်သည်။

ဒီယေဂိုကော်စတာသည် ၂၀၁၁ ခုနှစ်ကတည်းက တူရီမြေသို့ရောက်ရှိရန်နီးစပ်ခဲ့သော်လည်း ပြင်းထန်သည့်ဒူးဒဏ်ရာက အတားအဆီးဖြစ်ခဲ့သည်။

❍ **ငြိမ်းပြည့်**

# လက်ကျန် ပွဲသုံးပွဲစလုံး အနိုင်ရရှိရန် ရုန်းကန်ရနိုင်ဟု ရောဝတီနည်းပြချုပ်ဆို



**ရန်ကုန်၊ အောက်တိုဘာ ၁၇**

မြန်မာလိဂ် ပွဲစဉ်(၁၇)အပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် ရောဝတီယူနိုက်တက်သည် လက်ကျန်သုံးပွဲစလုံး အနိုင်ရရှိမှသာ ချန်ပီယံဖြစ်မည်ဖြစ်ခြင်းကြောင့် ယင်းပွဲစဉ်များကို အနိုင်ရရှိရန် ကြိုးစားမည်ဖြစ်ကြောင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ပြောသည်။

ရောဝတီယူနိုက်တက်သည် မြန်မာလိဂ် လက်ကျန် သုံးပွဲအဖြစ် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းများနှင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပွဲစဉ်အားလုံးကို အနိုင်ရရှိမှသာ ချန်ပီယံဖြစ်မည်ဖြစ်သည်။

“ကျွန်တော်တို့လက်ကျန်သုံးပွဲက တကယ် ခက်ခဲတဲ့ပွဲစဉ်တွေ ဖြစ်လာမှာပါ။ အသင်းတိုင်းက ချန်ပီယံဆိုတာကို မှန်းထားတာကြောင့် ကျွန်တော်တို့ အနေနဲ့ ချန်ပီယံဖြစ်ဖို့ကြိုးစားရမယ်။ သူများထက် ကိုယ်က သာနေမှရမယ်။ ဒါ့ကြောင့် လက်ကျန်သုံးပွဲစလုံးအတွက် ကျွန်တော်တို့ ရှိသမျှအားနဲ့ အကောင်းဆုံးပြင်ဆင်သွားမှာပါ” ဟု ဦးမျိုးလှိုင်ဝင်းက ပြောသည်။

ရောဝတီအသင်းကို ဖိအားပေးနေသည့် ဟံသာဝတီယူနိုက်တက်သည် လက်ကျန်သုံးပွဲအဖြစ် ရတနာပုံ၊ မကွေးနှင့် ရောဝတီယူနိုက်တက်တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ခြင်းကြောင့် ဟံသာဝတီအသင်းသည် ရောဝတီအသင်းထက် အနည်းငယ် ပွဲချောင်နေသည်။

သို့သော် ဟံသာဝတီယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည့် နောက်ဆုံးပွဲစဉ် မတိုင်မီ ချန်ပီယံ ထွက်ပေါ်လာဖွယ်ရှိနေသည်။

လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်အသင်းကိုရမှတ်လေးမှတ်ဖြတ်ထားနိုင်သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာ လက်ကျန်သုံးပွဲတွင် ရောဝတီယူနိုက်တက်နှင့် ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးပြီး ယင်းပွဲစဉ်ကို အနိုင်ရရှိပါက ချန်ပီယံမျှော်လင့်ချက် ပြန်လည်ရှင်သန်လာဖွယ်ရှိနေသည်။

အလားတူ ရန်ကုန်ယူနိုက်တက် အသင်းမှာလည်း လက်ကျန်သုံးပွဲတွင် ရောဝတီယူနိုက်တက်နှင့် ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးပြီး ကျန်နှစ်ပွဲမှာ ရခိုင်ယူနိုက်တက်နှင့် အားကာသိပ္ပံ အသင်းတို့ ဖြစ်ခြင်းကြောင့် ၎င်းမှာလည်း ချန်ပီယံ မျှော်လင့်နိုင်သေးသည်။

လက်ရှိ ပွဲစဉ် (၁၇) ယှဉ်ပြိုင်ပြီးချိန်တွင် ရောဝတီယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က ရမှတ် ၃၆ မှတ်စီ ရရှိထားပြီး ရောဝတီယူနိုက်တက်က အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ❍ **ချစ်ဝိုင်း**





လူထုအုံကြွမှုများကိုဦးဆောင်သူ အမျိုးသမီးသုံးဦးရှိသော်လည်း သူမမှာ ပြည်ပသို့ထွက်ခွာမသွားသည့် တစ်ဦးတည်းသောသူလည်းဖြစ်သည်

# ဘီလာရုပ်စ်အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ စီစဉ်သူအမျိုးသမီး လုံခြုံရေးဥပဒေဖြင့် တရားစွဲခံရ

**မင့်စ်၊ စက်တင်ဘာ ၁၇**

ဘီလာရုပ်စ်နိုင်ငံတွင် ဖြစ်ပွားနေသည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သည့် မစ္စမာရိယာ ကောလက်စ်နီကိုဗာ့ကို တိုင်းပြည်လုံခြုံရေးထိခိုက်စေရန် လှုံ့ဆော်မှုဖြင့် တရားစွဲဆိုထားကြောင်း ဘီလာရုပ်စ်အာဏာပိုင်များက ပြောကြားသည်။

အစိုးရဆန့်ကျင်ရေး လူထုအုံကြွမှုများကိုဦးဆောင်စီစဉ်သူ အမျိုးသမီးသုံးဦးရှိသော်လည်း သူမမှာ ပြည်ပသို့ထွက်ခွာမသွားသည့် တစ်ဦးတည်းသောသူလည်းဖြစ်သည်။

သူမကို တိုင်းပြည်မှနှင်ထုတ်ရန် အာဏာပိုင်များက ကြိုးစားနေစဉ်အတွင်း သူမ၏နိုင်ငံကူးလက်မှတ်ကို သူမကိုယ်တိုင်ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။

ဘီလာရုပ်စ်နိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲမှာ အတုအယောင်တစ်ခုသာဟုဆိုကာ ပြီးခဲ့သည့်သီတင်းငါးပတ်အတွင်း လူဦးရေတစ်သိန်းခန့်က တနင်္ဂနွေနေ့တိုင်း ဆန္ဒပြပွဲများ၌ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဩဂုတ်လ ၉ ရက်နေ့ရွေးကောက်ပွဲတွင် သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုအနိုင်ရရှိခဲ့မှုကို ဆန့်ကျင်သည့် အစောပိုင်းဆန္ဒပြပွဲများ၌လည်း ပြင်းပြင်းထန်ထန်ဖြိုခွင်းမှုများရှိခဲ့သည်။

သမ္မတလူကာရှန်ကို၏ ပြိုင်ဘက်ဖြစ်သူ အတိုက်အခံခေါင်းဆောင် မစ္စဆဗက်လာနာ တီကာနိုစကာရာကမူ ရွေးကောက်ပွဲ၌ သူမအနိုင်ရရှိကြောင်း ပြောကြားသည်။

ယင်းပြောကြားမှုအပြီးမှာပင် မစ္စတီကာနိုစကာရာအနေနှင့် လစ်သူရေးနီးယားနိုင်ငံသို့ ထွက်သွားရန် ဖိအားပေးခံခဲ့ရသည်။

ထို့ပြင် အစိုးရအတိုက်အခံ တတိယမြောက် အမျိုးသမီးတစ်ဦးဖြစ်သူ မစ္စဗီရိုနီကာ ဆက်ပ်ကာလိုသည်လည်း ဘီလာရုပ်စ်နိုင်ငံမှ ထွက်ခွာခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က မစ္စတာလူကာရှန်ကိုအား ဘီလာရုပ်စ်သမ္မတအဖြစ် အသိအမှတ်ပြုထားပြီး တနင်္လာနေ့က ၎င်းတို့နှစ်ဦး ဆွေးနွေးမှုအပြီး၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ထုတ်ချေးမည်ဖြစ်ကြောင်း ကတိပြုထားသည်။

အသက် ၃၈ နှစ်အရွယ် မစ္စကောလက်စ်နီကိုဗာမှာ ပြီးခဲ့သည့်သီတင်းပတ်က မျက်နှာဖုံးစွပ်အမျိုးသားများ၏ ဖမ်းဆီးမှုကို ခံလိုက်ရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

သူမကို ယူကရိန်းနိုင်ငံနယ်စပ်ဘက်သို့ ကားဖြင့်တင်ဆောင်သွားပြီး အတင်းအကျပ် ပြည်နှင်ဒဏ်ပေးမည်ကို စိုးရိမ်သဖြင့် သူမ၏နိုင်ငံကူးလက်မှတ်ကို ဆုတ်ဖြဲကာ ကားအပြင်သို့ လွှင့်ပစ်ခဲ့သည်။

"သူမကို ကားနောက်ခန်းထဲ တွန်းထည့်လိုက်တယ်။ သူမကတော့ ဘယ်မှထွက်မသွားနိုင်ဘူးလို့ အော်ဟစ်ခဲ့တယ်" ဟု မစ္စကောလက်စ်နီကိုဗာ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ အန်တွန်ရော့နန်ကော့ဗ် ယူကရိန်းမြို့တော် ကီယက်ဗ်တွင် အင်္ဂါနေ့ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

❍F-03

# အမေရိကန်ပြည်ထောင်စုတွင် ဟာရီကိန်းဆာလီ ဝင်ရောက်တိုက်ခတ်၊ လျှပ်စစ်မီးများပြတ်တောက်

**နယူးယောက်၊ စက်တင်ဘာ ၁၇**

ပြင်းထန်အားကောင်းသည့်ဟာရီကိန်းဆာလီသည် အမေရိကန်ပြည်ထောင်စုကမ်းရိုးတန်းဒေသကို ဝင်ရောက်တိုက်ခတ်ခဲ့သည့်အတွက် မိုးသည်းထန်ခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်ပြည်သူ ၅၅၀,၀၀၀ ခန့် လျှပ်စစ်ပြတ်တောက်မှုဒဏ်ကို ခံစားနေရကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဗုဒ္ဓဟူးနေ့က တိုက်ခတ်ခဲ့သည့် အဆိုပါဟာရီကိန်းကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့ကာ အားအနည်းငယ်လျော့နည်းသွားသော်လည်း ဖလော်ရီဒါနှင့် အလာဘားမားပြည်နယ်တို့ဘက်သို့ ဆက်လက်ရွေ့လျားခဲ့သည်။

ဟာရီကိန်း ဆာလီတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ရေလွှမ်းမိုးဇရိယာများမှ ပြည်သူပေါင်းရာနှင့်ချီ၍ ကယ်ထုတ်ခဲ့ရသည်။ ထို့ပြင် ဖလော်ရီဒါပြည်နယ်၊ ပန်ဆာကိုလာမြို့တွင် မုန်တိုင်းဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသည်။

"ဖလော်ရီဒါနဲ့ အလာဘားမားတောင်ပိုင်းမှာ ရေကြီးရေလျှံမှုတွေ ဆက်လက်ဖြစ်ပေါ်နေပြီး အသက်အန္တရာယ်စိုးရိမ်နေရဆဲ ဖြစ်ပါတယ်"ဟု အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာက ပြောကြားသည်။

မုန်တိုင်းကြောင့်ရွာသွန်းခဲ့သည့် မိုးရေချိန်မှာ လေးနာရီအတွင်း လေးလစာမိုးရေချိန်ခန့်ရှိခဲ့ကြောင်း ပန်ဆာကိုလာမြို့ မီးသတ်တပ်ဖွဲ့အကြီးအကဲ ဂျင်နီခရာနာက ပြောဆိုသည်။

"တစ်ဦးသေဆုံးပြီး အလာဘားမားပြည်နယ်၊ အောရင့်ဂျ်ကမ်းခြေမြို့မှာလည်း နောက်တစ်ဦး ပျောက်ဆုံးနေပါတယ်"ဟု ယင်းမြို့တော်ဝန်က ထုတ်ဖော်ပြောကြားသည်။

အလာဘားမားပြည်နယ် ကမ်းခြေဒေသတွင် မြေပြိုမှုများလည်းဖြစ်ပေါ်ခဲ့ပြီး ဟာရီကိန်းဆာလီ၏ အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၅ မိုင်နှုန်းအထိရှိခဲ့သည်။

မုန်တိုင်းကြောင့် ပန်ဆာကိုလာမြို့လယ်တွင် ငါးပေခန့်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းမြို့၌ မုန်တိုင်းကြောင့် ထိခိုက်ခံရမှုမှာ တတိယမြောက် အဆိုးရွားဆုံးအခြေအနေလည်းဖြစ်သည်။

ရဲတပ်ဖွဲ့က မြို့နေပြည်သူလူထုများအနေနှင့် အိမ်အပြင်သို့ထွက်၍ အပျက်အစီးများကို လိုက်လံမကြည့်ရှုကြရန် တိုက်တွန်းထားသည်။

"ကျေးဇူးပြု၍ အိမ်ထဲမှာပဲနေကြပါ။ အိမ်ပြင်ထွက်ကြည့်တာက ကျွန်တော်တို့ရဲ့ ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကို နှောင့်နှေးစေနိုင်ပါတယ်" ဟု ရဲတပ်ဖွဲ့ကဆိုသည်။

ဟာရီကိန်းဆာလီနှင့်ပတ်သက်၍ အလာဘားမား၊ ဖလော်ရီဒါနှင့် မစ္စစ္စပီပြည်နယ်တို့တွင် အရေးပေါ်အခြေအနေဟု အသီးသီးကြေညာထားကြသည်။

❍F-03




လူတစ်ဦး သေဆုံးပြီး ရေလွှမ်းမိုးဇရိယာများမှ ပြည်သူပေါင်းရာနှင့်ချီ၍ ကယ်ထုတ်ခဲ့ရသည်

ကျောဖုံးမှအဆက်

တစ်ချိန်တည်းမှာပင် သမ္မတ ဆိုင်အင်းဝမ် ဇန်နဝါရီလ ရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်ခံခဲ့ရပြီး ထိုင်ဝမ်၏ ကာကွယ်ရေး အင်အားတောင့်တင်းရေးကို ထိပ်တန်းဦးစားပေးသတ်မှတ်ခဲ့ပြီးနောက် ထိုင်ဝမ်သည် လက်နက်များတိုးမြှင့်ဝယ်ယူရန် ဆန္ဒရှိလာခဲ့သည်။

ထိုင်ဝမ်အရေးသည် တရုတ်အတွက် အထိရှလွယ်ဆုံး ပိုင်နက်ပြဿနာတစ်ခုဖြစ်နေသည်။ ထိုင်ဝမ်သည် တရုတ်၏ပြည်နယ်တစ်ခုဖြစ်ကြောင်း ဘေဂျင်းက ပြောဆိုထားကာ ကျွန်းဒေသအပေါ် အမေရိက၏ ထောက်ခံပံ့ပိုးမှုများကို ရှုတ်ချဝေဖန်ခဲ့သည်။

ဒေသတွင်း ဘေဂျင်း၏ စစ်ရေးရန်လိုမှုများ တိုးလာမှုကြောင့် ဝါရှင်တန်သည် ပင်တဂွန်စစ်ဌာနချုပ်အတွင်း 'ထိုင်ဝမ်ခံတပ်' ဟု သိကြသော အားထုတ်မှုကိုအခြေခံကာ တရုတ်တပ်များနှင့် ဟန်ချက်ညီစေမည့် စစ်တပ်တစ်ခုဖန်တီးပေးရန် စိတ်အားထက်သန်နေခဲ့သည်။

ထိုင်ဝမ် ကာကွယ်ရေးဝန်ကြီးဌာနက ပြောဆိုရာတွင်မူ ယခုသတင်းသည် မီဒီယာ၏ ယူဆချက်သာဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ လက်နက်ဝယ်ယူရေး ဆွေးနွေးပြောဆိုမှုများ၊ အကဲဖြတ်မှုများအား လျှို့ဝှက်နည်းလမ်းဖြင့် ကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက်ကြောင့် မည်သည့်လက်နက်ရောင်းချမှုမျိုးမဆို ကွန်ဂရက်သို့ အမေရိကန်၏ တရားဝင်အကြောင်းကြားမှုမရှိသေးသရွေ့ ယင်းကိစ္စအပေါ် လူသိရှင်ကြား မှတ်ချက်မပေးနိုင်ပါကြောင်း ဆိုခဲ့သည်။

Lockheed Martin၊ Boeing နှင့် General Atomics ကုမ္ပဏီများမှ လက်နက်အရောင်းအဝယ်များသည် ပို့ကုန်လုပ်ငန်းစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့၏ ယင်းအရောင်းအဝယ်ကိစ္စနှင့် နီးစပ်သူသုံးဦးက ပြောဆိုခဲ့ပြီး သီတင်းပတ်အနည်းငယ်အတွင်း ကွန်ဂရက်သို့ အသိပေးအကြောင်းကြားနိုင်သည်ဟု မျှော်လင့်ထားကြောင်း ဆိုခဲ့သည်။

❍ F-04

# FOREIGN AFFAIRS

## အမေရိကန်က ထိုင်ဝမ်သို့ စစ်လက်နက်တိုးမြှင့်ရောင်းချရန် စီစဉ်

**ဝါရှင်တန်၊ စက်တင်ဘာ ၁၇**

အမေရိကန်ပြည်ထောင်စုသည် ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းများ၊ မိုင်းများအပါအဝင် အဓိကလက်နက်စနစ် ၇ မျိုးခန့်အထိ ထိုင်ဝမ်သို့ရောင်းချပေးရန် စီစဉ်နေကြောင်း ယင်းအရောင်းအဝယ် ဆွေးနွေးမှုနှင့် ဆက်စပ်သူလေးဦးက ပြောဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်နက်စနစ် ခုနစ်မျိုးကို တစ်ကြိမ်တည်းနှင့် ရောင်းချပေးမှုမျိုးသည် ရှားရှားပါးပါးဖြစ်ပြီး အမေရိကန်စစ်တပ်အနေနှင့် ဘေဂျင်းနှင့် တင်းမာမှုအနည်းဆုံးဖြစ်စေရေးအတွက် ကျွန်းဒေသသို့ လက်နက်ရောင်းချမှုများကို ဂရုတစိုက် ချိန်ညှိလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ ခွဲထွက်လာမှုဖြစ်သည်။

ထရမ့်အစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နှင့် ပိုမိုရန်စောင်မှုများ ရှိလာခဲ့ပြီး သူလျှိုလုပ်မှု စွပ်စွဲချက်များ၊ ဆက်ဖြစ်နေသော ကုန်သွယ်ရေးစစ်ပွဲ၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုအပေါ် အငြင်းပွားမှုများနှင့်အတူ ယခု လက်နက်ရောင်းချမှုအစီအစဉ်ကြောင့် ဘေဂျင်းနှင့် ဝါရှင်တန်အကြား ဆက်ဆံရေးမှာ ဆယ်စုနှစ်များစွာအတွင်း အနိမ့်ဆုံးအနေအထားသို့ ကျဆင်းသွားနိုင်သည်။

စာ - ၂၃



ဒုံးကျည်ကာကွယ်ရေး အခြေစိုက်စခန်းတစ်ခုသို့ သွားရောက်စစ်ဆေးခဲ့သည့် ထိုင်ဝမ်သမ္မတ ဆိုင်အင်းဝမ်ကို တွေ့ရစဉ်

## Foreign Cartoon







## ချမ်းသာသောနိုင်ငံများက ကိုဗစ်ကာကွယ်ဆေး အမြောက်အမြား ကြိုတင်ဝယ်ယူထား

**နိုင်ရိုဘီ၊ စက်တင်ဘာ ၁၇**

ကမ္ဘာ့လူဦးရေ၏ အနည်းငယ်မျှကိုသာ ကိုယ်စားပြုထားသော ချမ်းသာသည့်နိုင်ငံများသည် COVID-19 ကာကွယ်ဆေးထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ဝယ်ယူရရှိရန် ကတိကဝတ်ရှိထားခဲ့ပြီးဖြစ်ကြောင်း လေ့လာမှုတစ်ခုက ဖော်ပြသည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ကလည်း နောက်သီတင်းပတ်အနည်းငယ်အတွင်း၌ အမေရိကန်နိုင်ငံသားများကို ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု ကတိပြုထားသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း ပိုးတွေ့လူနာ သန်း ၃၀ နီးပါးနှင့် သေဆုံးသူ ၉၃၅,၀၀၀ ကျော်ရှိနေပြီဖြစ်သည့် ဗိုင်းရပ်စ်ကို ချေမှုန်းနိုင်ရေးအတွက် ဆေးကုမ္ပဏီကြီးများသည် အာနိသင်ထိရောက်သော ကာကွယ်ဆေးတစ်ခုရရှိရန် အပြိုင်ကြိုးစားနေကြသည်။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးကို မိမိအမျိုးသားရေးအတွက်ပဲ ဦးစားပေးသည့် ကိုယ်ကျိုးကြည့်မှုမျိုး မလုပ်ကြရန် ဥရောပသမဂ္ဂအကြီးအကဲ အာဆူလာ ဗန်ဒါလေယန်က ဗုဒ္ဓဟူးနေ့တွင် ပြောဆိုခဲ့ပြီး ဆင်းရဲသည့်နိုင်ငံများမှ အကာအကွယ်မဲ့သူများကို ဘေးဖယ်ထားခြင်းသည် လူ့အသက်များစွာကို အန္တရာယ်ကျရောက်စေနိုင်ကြောင်း သတိပေးသည်။

သို့ရာတွင် Oxfam က ထုတ်ပြန်လိုက်သည့် လေ့လာချက်တစ်ခုအရ ကမ္ဘာ့လူဦးရေ၏ ၁၃ ရာခိုင်နှုန်းခန့်ကိုသာ ကိုယ်စားပြုထားသော ချမ်းသာသည့်နိုင်ငံတစ်စုအနေနှင့် ကာကွယ်ဆေးပမာဏအတော်များများကို ဝယ်ယူထားခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

"အသက်ကယ် ကာကွယ်ဆေးတစ်ခုရရှိမှုဟာ နေထိုင်ရာနေရာ ဒါမှမဟုတ် ငွေဘယ်လောက်များများရှိသလဲ ဆိုတဲ့အပေါ် အမှီမပြုသင့်ပါဘူး" ဟု Oxfam America မှ မစ္စတာ ရောဘတ် ဆေလ်ဗာမင်က ပြောဆိုခဲ့ပြီး "ဘယ်နေရာက COVID-19 ဖြစ်ပါစေ၊ နေရာတိုင်းရဲ့ COVID-19 ပါပဲ" ဟုဆိုသည်။

လက်ရှိတွင် နောက်ဆုံးအဆင့် စမ်းသပ်မှုရောက်နေသည့် ကာကွယ်ဆေးငါးမျိုးမှ ထိုးဆေး ၅ ဒသမ ၉ ဘီလီယံ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ လူဦးရေ ၃ ဘီလီယံခန့်ကို ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း Oxfam ၏ လေ့လာချက်က ဖော်ပြသည်။

ယင်းထိုးဆေးများထဲမှ ၅၁ ရာခိုင်နှုန်းခန့်ကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဥရောပသမဂ္ဂ၊ သြစတြေးလျ၊ ဟောင်ကောင်၊ မကာအို၊ ဂျပန်၊ ဆွစ်ဇာလန်နှင့် အစ္စရေး အပါအဝင် ချမ်းသာသောနိုင်ငံတစ်စုက ဝယ်ယူထားကြသည်။

ကျန်ရှိ ထိုးဆေး ၂ ဒသမ ၆ ဘီလီယံကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် မက္ကဆီကို အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများက ဝယ်ယူသို့မဟုတ် အရောင်းအဝယ် ကတိကဝတ်ရှိထားခဲ့ပြီးဖြစ်သည်။ ❍